ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

သစ်တောဦးစီးဌာန

# မြန်မာနိုင်ငံ သစ်တောပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးရေး နှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်း (FREDIP)

## လူမှုဘဝဆိုင်ရာဆန်းစစ်ခြင်း

(ဆွေးနွေးရန် မူကြမ်း)

ဒီဇင်ဘာလ၊ ၂၀၂၀

# အနှစ်ချုပ်

## ၁။ လူမှုဘဝဆိုင်ရာဆန်းစစ်ခြင်း ဖွဲ့စည်းတည်ဆောက်ပုံ

ဤလူမှုဘဝဆိုင်ရာဆန်းစစ်ခြင်းစာတမ်းအား အောက်ပါအတိုင်း ဖွဲ့စည်းတည်ဆောက်ထား ပါသည်-

အခန်း(၁)တွင် လူမှုဘဝဆိုင်ရာဆန်းစစ်ခြင်း နှင့် စာတမ်း၏ နယ်ပယ်အတိုင်းအတာကို မိတ်ဆက် ဖော်ပြထားပါသည်၊

အခန်း(၂)တွင် သစ်တောပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးရေး နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်း စီမံကိန်းတွင် ပါဝင်သောအပိုင်းများအား အကျဉ်းမျှ ခြုံငုံဖော်ပြထားကာ ၎င်းအောက်ရှိ အဓိက အပိုင်းငယ်များကိုလည်း ဖော်ပြထားပါသည်၊

အခန်း(၃)တွင် လူမှုဘဝဆိုင်ရာဆန်းစစ်ခြင်းအား ရေးသားပြုစုရာတွင် အသုံးပြုသည့် နည်းလမ်းအား အကျဉ်းတင်ပြထားပြီး လူမှုဘဝဆိုင်ရာဆန်းစစ်ခြင်းဆိုင်ရာ ကိန်းဂဏန်း အချက်အလက် ကောက်ယူခြင်း နှင့် တွေ့ရှိချက်ရလဒ်များအား အကန့်အသတ် ဖြစ်စေခဲ့သော အဓိက စိန်ခေါ်မှုအချို့ကိုလည်း တင်ပြထားပါသည် (ဥပမာ-တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ရာ တွင် ကိုဗစ်-၁၉ကြောင့် ကန့်သတ်တားမြစ်မှုများ ရှိနေခြင်း)၊

အခန်း(၄)တွင် မြန်မာနိုင်ငံ၏ သစ်တောမြေစီမံခန့်ခွဲခြင်းနှင့် မြေပိုင်ဆိုင်မှု မူဘောင်ကို အကျဉ်းဖော်ပြထားပါသည် (ESFM ထဲတွင် လိုအပ်ချက်ကွက်လပ်များ ဆန်းစစ်ချက်ကို ဖော်ပြ ထားပါသည်)

အခန်း(၅)တွင် စီမံကိန်းဆောင်ရွက်မည့် ဒေသကြီးဖြစ်ခု (ရောဂတီ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ စစ်ကိုင်း တိုင်းဒေသကြီးနှင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် )အား အဓိကဦးတည်ထားသည့် အခြေခံ လူမှုရေးရာအခြေအနေကို ဖော်ပြပါရှိကာ ၎င်းတို့အနက် ဒေသကြီး၄ခုသည် ဒေသခံ ရပ်ရွာလူထု အဆင့်ထိ နမူနာကောက်ယူထားသော ကိန်းဂဏန်းများ ဖော်ပြပါဝင်ပါသည်-

အခန်း(၆)တွင် ဆက်စပ်ပတ်သက်သူများနှင့် ဆက်သွယ်ညှိနှိုင်းခြင်းကို ဖော်ပြထားကာ ၎င်းကို သီးခြားဖြစ်သော ဆက်စပ်ပတ်သက်သူများနှင့် ဆက်သွယ်ညှိနှိုင်းခြင်း အစီအစဉ်[1]တွင် အသေးစိတ်ဖော်ပြထားပါသည်-

အခန်း(၇)တွင် နစ်နာမှုတိုင်ကြားချက်များနှင့် အကြံပြုချက်များကို လက်ရှိ ကျေးရွာအဆင့်မှ အမျိုးသား(ဗဟို)အဆင့်ထိ ပေါင်းစပ်ဖြေရှင်းပေးမည့် စနစ်အား ခြုံငုံဖော်ပြထားပြီး အဆိုပါ စနစ်တွင် စီမံကိန်းတာဝန်ယူသူများက တောင်းဆိုမှုများကို ဖြေရှင်းပေးနိုင်သည့် အဆင့် (၂)ခုကို လည်း ထပ်ဆောင်းပါဝင်ဖော်ပြထားပါသည်-

အခန်း(၈)တွင် စီမံကိန်းကြောင့် အခြေခံ လူမှုရေးရာအခြေအနေအပေါ် သက်ရောက်နိုင်သည့် ကောင်းကျိုးနှင့် ဆိုးကျိုးအလားအလာများကို အကျဉ်းချုပ်၍ ပြည့်ပြည့်စုံစုံဖော်ပြကာ ဆိုးကျိုး များ လျော့ပါးစေမည့် နည်းလမ်းအမျိုးမျိုးကိုလည်း ဖော်ပြထားပါသည်-

အခန်း(၉)တွင် အမျိုးမျိုးသော လူမှုဘဝဆိုင်ရာအစီအစဉ်များ၊ မူဘောင်များ နှင့် နေရာဒေသ အလိုက် လူမှုဘဝဆိုင်ရာဆန်းစစ်ခြင်းလိုအပ်မည့် အခြေအနေများကိုလည်း တွက်ထုတ် ဖော်ပြ ထားပါသည် (အချို့အား သီးခြားစာတမ်းအဖြစ် သို့မဟုတ် ESMF နောက်ဆက်တွဲများထဲတွင် ၎င်းတို့နှင့် သက်ဆိုင်သော ကမ္ဘာ့ဘဏ်၏ ပတ်ဝန်းကျင်နှင့် လူမှုရေးရာ စံသတ်မှတ်ချက် ၁ မှ ၁၀ အထိနှင့် ဆက်စပ်ဖော်ပြပေးထားပါသည်)။ ထို့အပြင် ဤလူမှုဘဝဆိုင်ရာဆန်းစစ်ခြင်းတွင် နောက်ဆက်တွဲ ၄ ခု ပါရှိကာ ၎င်းတို့အနက် ၃ ခုသည် လူချင်းတွေ့ဆုံနိုင်ခြင်းမရှိသည့် တိုင်ပင် ဆွေးနွေးခြင်းများမှ အချက်အလက်များဖြစ်ပြီး နောက်ဆက်တွဲ ၄ တွင် စီမံကိန်းဧရိယာ(ဒေသ) ၄ ခုရှိ သစ်တောဦးစီးဌာနက နမူနာရွေးချယ်ထားသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော လုပ်ငန်းများ နှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော လုပ်ငန်း မရှိသေးသည့် ရပ်ရွာလူထုများ၏ အချက်အလက်များ ပါဝင်ပါသည်။

## ၂။ လူမှုဘဝဆိုင်ရာဆန်းစစ်ခြင်း နိဒါန်း နှင့် နယ်ပယ်အတိုင်းအတာ

[1] စီမံကိန်းကာလတလျှောက် စီမံကိန်းအနေဖြင့် ဒေသခံရပ်ရွာလူထု/ဆက်စပ်ပတ်သက်သူများ ပူးပေါင်းပါဝင်စေခြင်းကို အခြေခံ၍ ဆောင်ရွက်ရမည်ဖြစ်ပြီး ကိုဗစ်ကာလ အတွင်းတွင် အကန့်အသတ်ဖြင့်သာ ဆောင်ရွက်ခဲ့ရခြင်းကြောင့် စီမံကိန်းကို အကောင်အထည်ဖော်သည့် အချိန်တွင် ရပ်ရွာအဆင့် ဆက်စပ်ပတ်သက်သူများနှင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေးခြင်းများကို ထပ်မံလုပ်ဆောင် ရပေလိမ့်မည်။

မြန်မာနိုင်ငံသစ်တောပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးရေး နှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်း[2]သည် မြန်မာနိုင်ငံတွင် သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအဆင့်အတန်းကျဆင်းခြင်းအား ကာကွယ်နိုင်စေမည့် မြန်မာနိုင်ငံတော်အစိုးရ၏ သစ်တောကဏ္ဍဆိုင်ရာ အဓိက ရည်မှန်းချက်များကို အထောက်အပံ့ပေးနိုင်ရန် ရေးဆွဲထားခြင်းဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် သစ်တောများ ပြန်လည်ထူထောင်ရေးအား အားထည့်လုပ်ဆောင်ရုံသာမက ဒေသခံပြည်သူများ အတွက် အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်းများ ပိုမိုရရှိစေရန်အလို့ငှာ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ တည်ထောင်သွားမည်ဖြစ်ပြီး သဘာဝထိန်းသိမ်းရေး နယ်မြေများ အနီးဝန်းကျင်တွင် ဂေဟစနစ်အခြေခံ ခရီးသွားလုပ်ငန်းများကိုလည်း ပံ့ပိုး ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ စီမံကိန်းတွင် အောက်ပါအပိုင်းကြီး(၅)ခု ပါဝင်ပါသည်-

**အပိုင်း(၁) - ထုတ်လုပ်ရေးသစ်တောများ -** အပိုင်းငယ် ၁.၁ - ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းကို အခြေခံသော စီးပွားရေးလုပ်ငန်းများ အပါအဝင် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း နှင့် အပိုင်းငယ် ၁.၂ - ပုဂ္ဂလိက သစ်တောစိုက်ခင်းများကဏ္ဍ ရေရှည် တည်တံ့ဖွံ့ဖြိုးရေး

**အပိုင်း(၂) - အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများအတွက် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း -** အပိုင်း(၁)တွင်ပါဝင်သော အသုံးပြုသူများအဖွဲ့များ တည်ထောင်ရန် နှင့် ပိုမိုခိုင်မာအားကောင်းလာစေရန် ရည်ရွယ်ကာ လက်ရှိ နှင့် ထပ်မံတည်ထောင်မည့် အသုံးပြုသူများအဖွဲ့များအား ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများအတွက် အသုံးပြုသူများအဖွဲ့ လှည့်ပတ် ရန်ပုံငွေ တည်ထောင်ထားရှိကာ ဘဏ္ဍာငွေကြေး ထောက်ပံ့ခြင်းဖြင့် ကူညီ ပံ့ပိုးပေးမည်။

**အပိုင်း(၃) - သစ်တောကာကွယ်ခြင်း -** အပိုင်းငယ် ၃.၁ - သဘာဝထိန်းသိမ်းရေးနယ်မြေများ စီမံအုပ်ချုပ်ခြင်း နှင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေး နှင့် အပိုင်းငယ် ၃.၂ တရားမဝင် သစ်တောလုပ်ငန်းများ ဖော်ထုတ် ကာကွယ်တားဆီးခြင်း

[2] ဤစာစောင်တွင် FREDIP အား စီမံကိန်းဟု ခေါ်ဝေါ်သွန်းဆိုသွားပါမည်။ အဆိုပါ စကားရပ်နှစ်ခုအား အပြန်အလှန် လဲလှယ်သုံးစွဲသွားပါမည်။

**အပိုင်း(၄) - အဖွဲ့အစည်းဆိုင်ရာ အားကောင်းခိုင်မာစေခြင်း နှင့် စီမံကိန်း စီမံအုပ်ချုပ်မှု -**
အပိုင်းငယ် ၄.၁ - သစ်တောဦးစီးဌာန၏ လုပ်ဆောင်မှုစွမ်းရည်အား အားကောင်းခိုင်မာစေခြင်း နှင့်
အပိုင်းငယ် ၄.၂ - စီမံကိန်း စီမံခန့်ခွဲမှု၊ စောင့်ကြပ်ကြည့်ရှုခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း

**အပိုင်း(၅) - အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှု အစီအစဉ် -** သဘာဝဘေးအန္တရာယ် သို့မဟုတ် ကပ်ရောဂါကဲ့သို့သော အရေးပေါ်အခြေအနေများ ကြုံတွေ့လာရပါက မြန်မာနိုင်ငံတော် အစိုးရအနေဖြင့် လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်စေရန်

ဤစီမံကိန်းအတွက် အလုံးစုံသော အန္တရာယ်ရှိမှုအလားအလာ အဆင့်သတ်မှတ်ချက်သည် ပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုဘဝဆိုင်ရာ ရှုထောင့်နှစ်ခုလုံးကို ထည့်သွင်းစဉ်းစားမည်ဆိုလျှင် မြင့်မားသည်ဟု ခြုံငုံပြောဆိုနိုင်သည်။ လူမှုဘဝဆိုင်ရာရှုထောင့်မှကြည့်လျှင် အန္တရာယ် အလားအလာ မြင့်မားမည်ဟု မျှော်လင့်ရပြီး ပတ်ဝန်းကျင်ဆိုင်ရာ ရှုထောင့်မှ ကြည့်မည်ဆိုလျှင် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်အလားအလာမှာ အတန်အသင့် မြင့်မားပါသည်။ အဆိုပါ အန္တရာယ်များကို ဖြေရှင်းရန်ပျက်ကွက်ခြင်းသည် စီမံကိန်းတွင် ပါဝင်ဆောင်ရွက်ခြင်းမှ ဖယ်ထုတ်ခံရသော အရေးမသာသည့် သို့မဟုတ် ထိခိုက်ခံစားလွယ်သည့် လူပုဂ္ဂိုလ်များ သို့မဟုတ် ဒေသခံပြည်သူများ သို့မဟုတ် စီမံကိန်း အကျိုးကျေးဇူးများကို အခွင့်ထူးခံလူများအတွက်သာ ဖြစ်စေခြင်း သို့မဟုတ် အခြားသော မမျှတသည့် အကျိုးကျေးဇူး ခွဲဝေပေးခြင်း တို့နှင့်ပတ်သက်၍ စိုးရိမ်ကြောင့်ကြမှုများ ရှိနေကြရသော လူပုဂ္ဂိုလ်များ သို့မဟုတ် ဒေသခံပြည်သူများအတွက်မူ အထူးပင် အရေးကြီးပါသည်။

**လူမှုဘဝဆိုင်ရာဆန်းစစ်ခြင်း၏ နယ်ပယ်အတိုင်းအတာ -** လူမှုဘဝဆိုင်ရာဆန်းစစ်ခြင်း၏ နယ်ပယ်အတိုင်းအတာသည် စီမံကိန်းသဘောတရားကို စတင်ဖော်ထုတ်သည့်အဆင့်တွင် လူမှုရေးဆိုင်ရာ အန္တရာယ်အလားအလာများကို စိစစ်ဖော်ထုတ်သတ်မှတ်ခြင်းမှ ရရှိလာသော ဆီလျော်သက်ဆိုင်သည့် လူမှုရေးရာ အန္တရာယ်မှုကိစ္စရပ်များအားလုံး လွှမ်းခြုံ ပါဝင်ပါသည်။ ယင်းက အဆိုပြုထားသော လုပ်ငန်းဆောင်တာများကို လူမှုရေးရာရှုထောင့် (စီမံကိန်း ဆောင်ရွက်မည့် ဒေသ ၆ ခုအား လွှမ်းခြုံစေသည့် လူမှုစီးပွားဆိုင်ရာ အချက် အလက်များ နှင့် ဆွေးနွေးတိုင်ပင်မှု ရလဒ်များ နှင့် ဥပဒေမူဘောင်) မှ ဆန်းစစ် အကဲဖြတ် စေသည်။ ထိုသို့ လုပ်ဆောင်ရာတွင် ဖြစ်ပေါ်လာနိုင်သော အန္တရာယ်များနှင့် သက်ရောက်မှုများကို အချိုးညီမျှစွာ လုံလုံလောက်လောက် စဉ်းစားကာ ဆက်စပ်ပတ်သက်သူများထံမှ ရရှိသော အချက်အလက်များ

အပေါ် အခြေခံသည့် စီမံကိန်းဒီဇိုင်းတွင် အဆိုပါ အန္တရာယ်အလားအလာများကို ထေမိစေမည့် ကနဦးတွေ့ရှိလေ့လာချက်များကိုလည်း အလေးပေးလုပ်ဆောင်စေမည်ဖြစ်သည်။

ဤ လူမှုဘဝဆိုင်ရာဆန်းစစ်ခြင်း(SA)သည် FREDIP လုပ်ငန်းစီမံကိန်း ပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုဘဝဆိုင်ရာအန္တရာယ်များ စီမံခန့်ခွဲမှု စာရွက်စာတမ်းများ၏ အပိုင်းတစ်ခုဖြစ်ပြီး ၎င်းတို့တွင် ဆက်စပ်ပတ်သက်သူများနှင့် ဆက်သွယ်ညှိနှိုင်းခြင်း အစီအစဉ် (SEP)၊ ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာစီမံခန့်ခွဲမှု မူဘောင်(ESMF) နှင့် ယင်း၏ နောက်ဆက်တွဲများ (Annexes)၊ နှင့် ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ ကတိကဝတ်များအား ဖော်ဆောင်မည့် လုပ်ငန်းအစီအစဉ် (ESCP) တို့လည်း ပါဝင်သည်။ ESCP သည် စီမံကိန်းအနေဖြင့် ကမ္ဘာ့ဘဏ်၏ ဆီလျော်သက်ဆိုင်သော ပတ်ဝန်းကျင်နှင့်လူမှုရေးရာ စံသတ်မှတ်ချက်များကို သတ်မှတ်ထားသည့် အချိန်အတွင်း လိုက်နာဆောင်ရွက်နိုင်စေရန် လိုအပ်သော အစီအမံများ နှင့် လုပ်ငန်းဆောင်တာများကို ဖော်ပြထားသည်။ ESMF သည် အမျိုးမျိုးသော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် ဒီဇိုင်းဆင် ရေးဆွဲထားသည်။ ဦးစွာဆိုရသော် ယင်းသည် မြန်မာနိုင်ငံ၏ စီးပွားရေးတွင် သစ်တောသယံဇာတများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများ၏ အရေးပါမှုကို သိရှိနားလည်နိုင်သည့် အဓိကကျသော ပတ်ဝန်းကျင်နှင့် လူမှုဘဝ ဆိုင်ရာ(E&S) အခြေခံ အချက်အလက်နှင့် အခြေအနေများကို ဖော်ပြထားကာ နိုင်ငံအဝန်း သစ်တောပြုန်းတီးခြင်း နှင့် သစ်တောအဆင့်အတန်း (အတန်းအစား) ကျဆင်းခြင်း၏ အဓိက အကြောင်းရင်းများကိုလည်း ဖော်ပြထားသည်။ ဒုတိယအနေဖြင့် ယင်းသည် FREDIP လုပ်ငန်း စီမံကိန်းကြောင့် ဖြစ်လာနိုင်သော ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ (E&S) အန္တရာယ်အလားအလာများ နှင့် သက်ရောက်နိုင်မှုများကို ဆန်းစစ်ဖော်ပြထားသည်။ တတိယအနေဖြင့် ယင်းသည် သတ်မှတ် ဖော်ထုတ်ခဲ့သည့် အန္တရာယ်အလားအလာများနှင့် သက်ရောက်မှုများကို ဖြေရှင်းရန်၊ စောင့်ကြပ်ကြည့်ရှုခြင်း နှင့် အစီရင်ခံခြင်းတို့ ဆောင်ရွက်ရန် နေရာဒေသအလိုက် ဆောင်ရွက် ထားရှိရမည့် စီမံခန့်ခွဲမှုဆိုင်ရာ အစီအမံများကို စိစစ်သုံးသပ်ခြင်း၊စောင့်ကြပ်ကြည့်ရှုခြင်း နှင့် အစီရင်ခံခြင်း အစီအမံများကို ဖော်ပြထားသည်။ စတုတ္ထအနေဖြင့် ယင်းသည် အဆိုပါ အန္တရာယ်အလားအလာများနှင့် သက်ရောက်မှုများကို အောင်မြင်စွာ စီမံခန့်ခွဲရာတွင် လိုအပ်သော အဓိကကျသည့် အင်စတီကျူးရှင်း(အဖွဲ့အစည်း)ဆိုင်ရာ တာဝန်ယူမှုများ၊ အဖွဲ့အစည်း ဖွဲ့စည်းပုံများ နှင့် အရင်းအမြစ်များ (လူသား နှင့် ဘဏ္ဍာငွေကြေး)များကို ဖော်ပြထားသည်။

အင်္ဂလိပ်ဘာသာဖြင့် ပြုစုထားသော SA၊ ESMF ၊ ESCP နှင့် SEP မူကြမ်းများနှင့် ၎င်းတို့၏အနှစ်ချုပ် မြန်မာပြန်များကို အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းများ အတွက် ဒီဇင်ဘာ (၂၇) ရက်နေ့တွင် သစ်တောဦးစီးဌာနဝက်ဘ်ဆိုဒ်www.forestdepartment.gov.mm/ တွင် ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။ အဆိုပါ စာရွက်စာတမ်းများကိုလည်း ၂၀၂၁ ခုနှစ် ဇန်နဝါရီလ အတွင်း ကျင်းပပြုလုပ်ခဲ့သည့် ဒေသဆိုင်ရာ ဆွေးနွေးတိုင်ပင်ပွဲများ (ကိုဗစ်-၁၉ ဆိုင်ရာ ကန့်သတ်ချက်များကြောင့် လူချင်းတွေ့ဆုံနိုင်ခြင်းမရှိဘဲ အွန်လိုင်းမှ ဆက်သွယ်ခြင်း နည်းလမ်းဖြင့် ပြုလုပ်ဆောင်ရွက်ခဲ့သော ဆွေးနွေးပွဲများ)သို့ တက်ရောက်ရန် ဖိတ်ကြား ထားသူအားလုံးသို့ ဖြန့်ဝေထားပြီး ဖြစ်သည်။

## ၃။ ချဉ်းကပ်ပုံ၊ နည်းလမ်း၊ ကန့်သတ်ထားရှိချက်များ

**ကိန်းဂဏန်းအချက်အလက်များ ရရှိရန် ဆောင်ရွက်ခဲ့သည့် ချဉ်းကပ်ပုံ နှင့် နည်းလမ်း -** FREDIP လုပ်ငန်းစီမံကိန်း လူမှုဘဝဆိုင်ရာဆန်းစစ်ချက် ထွက်ပေါ်လာစေရန် လက်ရှိ စာအုပ်စာတမ်းများ နှင့် ရရှိသော ကိန်းဂဏန်းများအား စိစစ်သုံးသပ်ခြင်း နည်းလမ်းကို အသုံးပြုခဲ့ပါသည်။ အသုံးပြုသူများအဖွဲ့များမှ ကိုယ်စားလှယ်များ၊ အသုံးပြုသူများအဖွဲ့တွင် မပါဝင်သော ဒေသခံကိုယ်စားလှယ်များ၊ ပုဂ္ဂလိက ကုမ္ပဏီများနှင့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဒေသခံ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ သစ်တောဦးစီးဌာနမှ နယ်မြေဝန်ထမ်းများ နှင့် အွန်လိုင်းမှ တဆင့် ဆွေးနွေးပွဲများ (ကိုဗစ်-၁၉ဆိုင်ရာ ခရီးသွားလာရေး၊ အစည်းအဝေးကျင်းပရေး ကန့်သတ်ချက်များကြောင့်) ကိုလည်း ၂၀၂၀ ခုနှစ် စက်တင်ဘာလ မှ အောက်တိုဘာလအတွင်း ပြုလုပ်ခဲ့ပါသည်။ ထိုသို့ ဆွေးနွေးပွဲများဆောင်ရွက်ရာတွင် ကျား/မ၊ မသန်စွမ်းပုဂ္ဂိုလ်များ၊ တိုင်းရင်းသားလူမျိုးစုများမှ ကိုယ်စားလှယ်များကိုလည်း ပါဝင်စေခဲ့ပါသည်။ ထိရောက် အောင်မြင်သော ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း နှင့် အောင်မြင်မှုနည်းပါးသော ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း နှစ်မျိုးလုံးကို ကာမိစေရန် ပြည်ထောင်စုအဆင့် သစ်တောဦးစီးဌာန (ဦးစီးရုံးချုပ်)က စီမံကိန်းအတွက် ရွေးချယ်ထားသော မြို့နယ်များမှ ကိုယ်စားလှယ်များနှင့် အဓိကကျသူများကို မေးခွန်းမေးမြန်းခြင်း၊ အုပ်စုဖွဲ့ ဆွေးနွေးခြင်းများ ကိုလည်း Zoom ဖြင့်၊ တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်း ဆွေးနွေး ဆောင်ရွက်ခဲ့ပါသည်။

ရရှိလာသော အချက်အလက်များကို သေချာစေရန် စီမံကိန်း နေရာဒေသအလိုက် လူမှုဘဝ ဆိုင်ရာ ဆန်းစစ်ခြင်း (SSSA)နှင့်အတူ စာရွက်စာတမ်းများကို အများပြည်သူသိရှိရန် ထုတ်ပြန်

ခြင်း၊ ဆက်စပ်ပတ်သက်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်းများကိုလည်း ၂၀၂၀ ခုနှစ် ဒီဇင်ဘာလ မှ ၂၀၂၁ ခုနှစ် ဇန်နဝါရီလအတွင်း ထပ်ဆောင်းလုပ်ဆောင်သွားပါမည်။ အများပြည်သူသိရှိရန် ထုတ်ပြန်ခြင်းသည် အချက်အလက်နှင့် ဆန်းစစ်သုံးသပ်မှုများကို သေချာစေရန် လိုအပ်သည့် နည်းလမ်းတစ်ရပ်လည်း ဖြစ်သည်။

## စိန်ခေါ်မှုများ နှင့် ကန့်သတ်ချက်များ

လူမှုဘဝဆိုင်ရာ ဆန်းစစ်ခြင်းဆောင်ရွက်ရာတွင် အခက်အခဲဖြစ်စေသော **စိန်ခေါ်မှုများနှင့် ကန့်သတ်ချက်များ**တွင် အောက်ပါတို့ ပါဝင်သည်-

- ကွင်းဆင်းစစ်ဆေးခြင်း နှင့် (လူတွေ့)တိုင်ပင်ဆွေးနွေးခြင်းသည် သာမန်အားဖြင့် လူမှုဘဝဆိုင်ရာ ဆန်းစစ်ခြင်း ဆောင်ရွက်ရာတွင် အရေးကြီးသော အပိုင်း ဖြစ်သော်လည်း ခရီးသွားလာခြင်း၊ လူစုလူဝေးဖြင့် အစည်းအဝေးကျင်းပခြင်းများနှင့် စပ်လျဉ်းသော ကိုဗစ်-၁၉ ဆိုင်ရာ တားမြစ်ချက်များကြောင့် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါ။
- သို့သော် စီမံကိန်း အကောင်အထည်ဖော်သည့် ကာလအတွင်း နေရာဒေသအလိုက် လူမှုဘဝဆိုင်ရာ ဆန်းစစ်ခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်ခြင်းများ ပြုလုပ်သည့် အချိန်တွင် ကွင်းဆင်းကာ ဆက်စပ်ပတ်သက်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်းကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
- စီမံကိန်းဒေသများနှင့် မြို့နယ်များကို ရွေးချယ်သတ်မှတ်ခြင်း - ကိုဗစ်-၁၉ဆိုင်ရာ ကန့်သတ်တားမြစ်ချက်များကြောင့် မန္တလေးတိုင်းဒေသကြီးနှင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် တို့တွင် ဆွေးနွေးပွဲများ ဆောင်ရွက်ခြင်းကို ချန်လှပ်ထားခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းမှာလည်း မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့သည် မန္တလေးတိုင်းဒေသကြီးနှင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တို့နှင့် တူညီသည့် အခြေအနေရှိပြီး အဆိုပါဒေသများရှိ စိုက်ပျိုးရေးဂေဟစနစ်ဇုန်ခွဲခြားထားမှု နှင့် နေထိုင်သော တိုင်းရင်းသားလူမျိုးစုများသည်လည်း များစွာ ကွာခြားခြင်းမရှိ သောကြောင့် ဖြစ်ပါသည်။
- လူတွေ့မဟုတ်သည့် တိုင်ပင်ဆွေးနွေးခြင်း၏ ကန့်သတ်ချက်မှာ ဆက်စပ်ပတ်သက်သူများ၏ ထင်မြင်ချက်နှင့် အကြံဉာဏ်များကို များစွာရရှိရန် အခြေအနေ မပေးခြင်း ဖြစ်ပါသည်။ ဆက်စပ်ပတ်သက်သူများ၏ ထင်မြင်ချက်နှင့် အကြံဉာဏ်များ

ပိုမိုရရှိစေရန် နေရာဒေသအလိုက် လူမှုဘဝဆိုင်ရာ ဆန်းစစ်ခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်ခြင်းများ ပြုလုပ်သည့်ကာလတွင် ဆောင်ရွက်သွားရန် လိုအပ်ပါသည်။

## ၄။ သစ်တောကဏ္ဍ စီမံခန့်ခွဲခြင်း

**မြန်မာနိုင်ငံတွင် သစ်တောမြေစီမံခန့်ခွဲခြင်း** - မြန်မာနိုင်ငံရှိ သစ်တောများသည် မပြောပလောက်သော(အနည်းငယ်မျှသော) သစ်တောစိုက်ခင်းများမှလွဲ၍ များသောအားဖြင့် သဘာဝတောများဖြစ်ကာ နိုင်ငံတော်က ပိုင်ဆိုင်ပါသည်။

- သဘာဝတောဧရိယာများအား အမြဲတမ်းသစ်တောနယ်မြေ(PFE) အဖြစ် သတ်မှတ်ထားရှိကာ ကြိုးဝိုင်းတော သို့မဟုတ် ကြိုးပြင်ကာကွယ်တော သို့မဟုတ် သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း ကျရောက်လျက်ရှိသောမြေ အဖြစ် ခွဲခြားသတ်မှတ်ထားပါသည်။
- လုပ်ကိုင်ခွင့်/ပါမစ်ပေးထားသော မြေများကို စာရင်းသွင်းမှတ်သားထားကာ အခြားတရားမဝင်သော သို့မဟုတ် တရားဝင်ဖြစ်ဟန်ဆောင်ထားသော သစ်တောမြေအသုံးပြုခွင့်များကို စာရင်းပေါက်အဖြစ် လက်ခံခြင်းမရှိပါ။
- မြန်မာနိုင်ငံတွင် ယခင်က မိရိုးဖလာ ပိုင်ဆိုင်သော မြေများကို ဒေသခံများက စီမံအုပ်ချုပ်ခဲ့ကြပြီး အဆိုပါမြေများကို အသုံးပြုခွင့်၊ လက်ဝယ်ထားခွင့်သည် ရပ်ရွာဒေသအဆင့်တွင်သာ အသိအမှတ်ပြုထားခြင်းဖြစ်သည်။
- လက်ရှိမြေယာစနစ်ကို ပြင်ဆင်လျက် မြေအသုံးချခွင့်၊ မြေယာပိုင်ဆိုင်ခွင့်၊ အမည်ပေါက်ခွင့်များကို တရားဝင်ဖြစ်စေရန် နိုင်ငံတော်အစိုးရ (လယ်ယာမြေစီမံခန့်ခွဲရေး နှင့် စာရင်းအင်းဦးစီးဌာန DALMS)က ကြိုးစား လုပ်ဆောင်လျက်ရှိသော်လည်း ထိုလုပ်ငန်းစဉ်မှာ နှေးကွေးစွာ ဆက်လက် လုပ်ဆောင်ဆဲပင် ဖြစ်ပါသည်။
- မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ဒေသခံပြည်သူလူထုအတွက် သစ်တောများ အသုံးပြုမှု၊ သစ်တောထွက်ပစ္စည်းများ ထုတ်ယူသုံးစွဲခွင့်တို့ကို ရရှိစေရန် ၁၉၉၅ ခုနှစ်က ထုတ်ပြန်ခဲ့သော ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက် နှင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း အစီအစဉ်များမှတစ်ဆင့် ကြိုးပမ်း လုပ်ဆောင်ပေးခဲ့ပါသည်။

- ၂၀၁၆ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တို့တွင် ပြန်လည်ပြင်ဆင်ခဲ့သည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်၏ လုပ်ထုံးလုပ်နည်းများတွင် ဒေသခံပြည်သူများအား အကျိုးစီးပွားဆိုင်ရာ အငြင်းပွားဖွယ်ဖြစ်မှုနှင့် အခွင့်ထူးခံ တို့ကသာ လက်ဝါးကြီးအုပ်မှုတို့မှ ကာကွယ်နိုင်စေမည့် အားလုံးပါဝင်နိုင်သည့် လုပ်ထုံးလုပ်နည်းများကို ထည့်သွင်း ပြဋ္ဌာန်းခဲ့ပါသည်။
- အစိုးရ၏ မျှော်မှန်းချက်မှာ ဒေသခံပြည်သူများအနေဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ဆောင်ရွက်ခွင့်အား နှစ် ၃၀ သာ ပေးထားသည့် ကာလအတွင်း အကန့်အသတ်များရှိနေသည့်အပေါ် စိုးရိမ်ပူပန်မှုများရှိသည့် အခြေအနေတွင် ၎င်းတို့အား အခြားသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်ခွင့်ပေးနိုင်ရန် ဖြစ် သည်။
- သစ်တောမြေနှင့် မြေပိုင်ဆိုင်မှုများနှင့် ဆက်နွယ်သည့် ကိန်းဂဏန်းများကို ကိုင်တွယ်ဆောင်ရွက်နေသော အစိုးရဌာနများမှာ အနည်းဆုံး ၇ ခုမျှ ရှိပါသည်။ လယ်ယာမြေစီမံခန့်ခွဲရေး နှင့် စာရင်းအင်းဦးစီးဌာန/ စိုက်ပျိုးရေး၊ မွေးမြူရေး ဆည်မြောင်းဝန်ကြီးဌာန (DALMS/MoALI) သည် မြေယာဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို ထိန်းသိမ်းကိုင်တွယ်ရပြီး အဆိုပါ အချက်အလက်များကို အဓိကတာဝန်ယူ စီမံခန့်ခွဲရာတွင်မူ သက်ဆိုင်ရာ ဝန်ကြီးဌာန၊ ဦးစီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရသည်။

မြေယာ ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို ထိန်းသိမ်းကိုင်တွယ်ရန် လယ်ယာမြေစီမံခန့်ခွဲရေး နှင့် စာရင်းအင်းဦးစီးဌာန/ စိုက်ပျိုးရေး၊ မွေးမြူရေး ဆည်မြောင်း ဝန်ကြီးဌာန (DALMS/MoALI) ကို တာဝန်ပေးအပ် အာဏာအပ်နှင်းထားသည်မှာ အဆိုပါ အချက်အလက်များကို လုပ်ကိုင်ခွင့်/ပါမစ်ပေးခြင်း သို့မဟုတ် အစိုးရက မြေအသုံးပြုခွင့် ခွဲဝေချထားပေးရာတွင် အသုံးပြုနိုင်ရန် ရည်ရွယ်သည်။

**သစ်တောမြေနှင့် သစ်တောသယံဇာတများအား လုပ်ကိုင်သုံးစွဲခွင့်ပေးထားသော အမျိုးအစားများ**

- အစိုးရဌာနအသီးသီးက စိုက်ပျိုးရေးလုပ်ငန်းများ၊ သစ်တောစိုက်ခင်းများ နှင့် သတ္တုတူးဖော်ခြင်းလုပ်ငန်းများအတွက် အမျိုးမျိုးသော မြေအသုံးပြုခွင့်ပါမစ်များကို ထုတ်ပေးထားပါသည်။

- များစွာသော အသေးစား သီးနှံ စိုက်ခင်းများ နှင့် သတ္တုတူးဖော်ခြင်းလုပ်ငန်းများသည် တရားဝင် အထောက်အထားမရှိသော်လည်း ဒေသက လက်ခံသော အစဉ်အလာရိုးရာ အလေ့အထများဖြင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်လျက်ရှိပါသည်။
- မြေအသုံးပြုခွင့်၊လုပ်ပိုင်ခွင့်ပေးရာတွင် ရှင်းလင်းမှုမရှိခြင်းသည် မြန်မာနိုင်ငံတွင် မြေအသုံးချစီမံခန့်ခွဲမှုတွင် အသိသာအထင်ရှားဆုံး ကိစ္စရပ်တစ်ခုဖြစ်ကာ တိုင်းပြည် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားသော စိန်ခေါ်မှုများစွာထဲက တစ်ခုလည်း ဖြစ်ပါသည်။
- မြေယာနှင့် သယံဇာတများ အသုံးပြုခြင်းနှင့်ပတ်သက်၍ ယေဘုယျအားဖြင့် အောက်ပါ အတိုင်း ခွဲခြားထားပါသည်-
  - နှစ်အကန့်အသတ်ဖြင့်သာ လုပ်ကိုင်ခွင့်ပေးထားသော ပါမစ်များကို ဖွံ့ဖြိုးရေး လုပ်ငန်းများ နှင့် ထုတ်လုပ်ရေးလုပ်ငန်းများအတွက် မြေအသုံးပြုခွင့် ပေးထားခြင်း
  - သစ်တောမြေများအား ဒေသခံပြည်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူများက တရားဝင် နည်းလမ်း မသုံးဘဲ သို့မဟုတ် လျော်ကြေး မပေးဘဲ ကျူးကျော်အသုံးပြုခြင်း (အတင်းအကြပ် သို့မဟုတ် နိုင်ငံရေးအာဏာကို အသုံးပြုကာ)

အစိုးရပိုင်မြေအား နှစ်ပေါင်းများစွာ ကျူးကျော်နေပြီးသောအခါ သို့မဟုတ် မြေပိုင်ဆိုင်မှု သတ်သတ်မှတ်မှတ် မရှိသောအခါ မြေယာအား မလျော်ကန်သော သို့မဟုတ် တရားမဝင်သော နည်းလမ်းဖြင့် သွားလာ၊ အသုံးပြု၊ ပိုင်ဆိုင်ခွင့် ရရှိထားခြင်း (ဥပမာ၊ သဘာဝထိန်းသိမ်းရေး နယ်မြေများ၏ ကြားခံနယ်မြေများသည် လယ်ယာများအဖြစ် ကျူးကျော်ခံရခြင်း)

## ၅။ လူမှုဆိုင်ရာ အခြေခံကိန်းဂဏန်းအချက်အလက်များ ဆန်းစစ်ခြင်း

**လူဦးရေ(လူနေထိုင်မှု အခြေအနေ၊ ဖွား/သေစာရင်း) -** လူဦးရေနှင့် လူနေထိုင်မှုဆိုင်ရာ ကိန်းဂဏန်းအချက်အလက်သည် စီမံကိန်းဆိုင်ရာ လုပ်ငန်းများ ရေးဆွဲရာတွင် အရေးကြီးသည့် အခြေခံအချက်အလက် ဖြစ်ပါသည်။ ထိုအချက်အလက်များက စီမံကိန်းအပိုင်းများတွင် နောင်အချိန်ကြာလာသည်နှင့်အမျှ ဆောင်ရွက်ရန်လိုအပ်လာမည့် လုပ်ငန်းပမာဏကို ခန့်မှန်း တွက်ချက် စေနိုင်ပေမည်-

- စီမံကိန်းဆောင်ရွက်မည့် ဒေသကြီး ၆ ခုတွင် နိုင်ငံလူဦးရေ၏ ၅၄%နီးပါး နေထိုင် ပါသည်။

- စီမံကိန်းဆောင်ရွက်မည့် ဒေသကြီးများတွင် အမျိုးသမီးဦးရေသည် အမျိုးသားများထက် ပိုမိုများပြားကာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့်လည်း ထိုသို့ပင် ရှိပေလိမ့်မည်။
- မြန်မာနိုင်ငံသည် - လူဦးရေဆိုင်ရာ (လူဦးရေအချိုး) အပြောင်းအလဲဖြစ်စဉ်အခြေအနေတွင် ရှိသည်ဟု စဉ်းစားနိုင်ရာ စီးပွားရေးအရ ဖွံ့ဖြိုးဆဲအနေအထားဖြစ်ပြီး ဤစီမံကိန်းသည် အဆိုပါဖွံ့ဖြိုးမှု လုပ်ငန်းစဉ်အား ဖြည့်စွက်ပေးနိုင်မည် ဖြစ်သည်။
- စီမံကိန်းဒေသများတွင်ရှိသော လူအများစုသည် အသက် ၃၀ နှစ်အောက် လူငယ်များဖြစ်ရာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ပါက ဒေသခံပြည်သူများ အလုပ်အကိုင်နှင့် ဝင်ငွေရရှိမှု အခွင့်အလမ်းကို ရရှိစေရေးကို အလေးထား ဆောင်ရွက် ရမည် ဖြစ်သည်။
- မှီခိုသူအချိုး[3]သည် မန္တလေးတိုင်းဒေသကြီးတွင် ၄၇.၃% နှင့် ဧရာဝတီတိုင်းဒေသကြီးတွင် ၅၄.၅% ရှိသည်။ ကမ္ဘာ့ပျမ်းမျှ မှီခိုသူအချိုးသည် ၂၀၁၄ ခုနှစ်တွင် ၅၄.၀ ဖြစ်ရာ စီမံကိန်းဆောင်ရွက်မည့် ဒေသကြီးများသည် ကမ္ဘာ့ပျမ်းမျှ မှီခိုသူအချိုးနှင့် ဆတူသို့မဟုတ် နိမ့်ကျနေရာ စီမံကိန်းတွင် ဝင်ငွေရရှိနိုင်မည့် လုပ်ငန်းများကို အလေးပေးရမည်ကို ညွှန်းဆိုနေပေသည်။
- ၂၀၁၄ ခုနှစ် ထုတ်ပြန်သော စာရင်းများအရ ဒေသကြီး ၆ ခုရှိ လူဦးရေ၏ ၅% သည် မသန်စွမ်းများဖြစ်ကာ အမျိုးသမီးဦးရေသည် အမျိုးသားများထက် ပိုမိုများပြားပါသည်
- စီမံကိန်းဆောင်ရွက်မည့် ဒေသကြီးများတွင် ဗုဒ္ဓဘာသာကို အဓိကကိုးကွယ်ကြပြီး လူဦးရေ၏ ၉၀ % ကျော်ရှိကာ ခရစ်ယာန် နှင့် အစ္စလာမ်ဘာသာ ကိုးကွယ်သူများလည်း ရှိပါသည်။ ဘာသာရေးဆိုင်ရာ အုပ်စုများရှိနေခြင်းကို ရပ်ရွာလူထုနှင့် ကနဦး ဆက်သွယ်ညှိနှိုင်းရာတွင် အလေးထားစဉ်းစားရမည်ဖြစ်ပြီး စီမံကိန်းကို အကောင်အထည်ဖော်သည့်ကာလအတွင်း သင့်လျော်သော အသိပညာပေး လုပ်ငန်းများ၊ သင်တန်းများ ဖော်ဆောင်ရာတွင်လည်း ထိုအချက်ကို ထည့်သွင်းစဉ်းစားရမည်။
- စီမံကိန်းဆောင်ရွက်မည့် ဒေသကြီး ၆ ခုရှိ အဓိက တိုင်းရင်းသားမျိုးနွယ်စုများမှာ ကချင်၊ ကရင်နီ/ကယား၊ ကရင်၊ မွန်၊ ရခိုင်၊ ချင်း နှင့် ရှမ်းလူမျိုးများ ဖြစ်ကြသည်။ နာဂတိုင်းရင်းသားအုပ်စုသည်လည်း မြန်မာနိုင်ငံမြောက်ပိုင်း အထူးသဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ပါဝင်နေပါသည်။

[3] အသက် ၀ နှစ်မှ ၁၄ နှစ်အထိရှိသော ကလေးများ နှင့် ၆၅ နှစ်အထက် လူကြီးများ အရေအတွက်ကို အသက်၁၅ နှစ် နှင့် ၆၄ ကြားရှိ အလုပ်လုပ်နိုင်သည့် လူဦးရေကို အချိုးချကာ တွက်ချက်ယူထားသည်

- စီမံကိန်းဆောင်ရွက်မည့် ဒေသကြီးများ၏ ကိန်းဂဏန်းအချက်အလက်များက အခြား တိုင်းရင်းသားမျိုးနွယ်စုများနှင့် နှိုင်းယှဉ်ပါက ဗမာလူမျိုးသည် လူဦးရေ၏ ၇၅ % ကျော်ရှိ နေသည်ဟု ပြဆိုနေပါသည်။

**ပညာရေး နှင့် စာတတ်မြောက်မှုနှုန်း -** ကိန်းဂဏန်းအချက်အလက်များက ပြဆိုသည်မှာ -

- စီမံကိန်းဆောင်ရွက်မည့် ဒေသကြီးများတွင် စာတတ်မြောက်မှုနှုန်းနှင့် ဂဏန်းသင်္ချာ တွက်ချက်တတ်(နားလည်)မှုနှုန်း မြင့်မားပြီး အမျိုးသားများက အမျိုးသမီးများထက် ပိုမို တတ်မြောက်ပါသည်။
- မူကြိုနှင့် မူလတန်းအဆင့်တွင် ကျောင်းအပ်ရာခိုင်နှုန်း မြင့်မားပြီး အလယ်တန်း၊ အထက်တန်းအဆင့်များသို့ ရောက်ရှိသွားသည်နှင့် ကျောင်းတက်ရာခိုင်နှုန်း ၅၀% မျှ နိမ့်ကျသွားပါသည်။
- ပညာရေးအဆင့်တိုင်းတွင် အမျိုးသမီးဦးရေက အမျိုးသားဦးရေထက် ကျောင်းအပ် ရာခိုင်နှုန်း ပိုများပြီး အထူးသဖြင့် အလယ်တန်း၊ အထက်တန်းအဆင့်များတွင် ပိုမိုသိသာ ပါသည်။
- စီမံကိန်းဆောင်ရွက်မည့် ဒေသကြီးများတွင် ဆရာ၊ ကျောင်း၊ ကျောင်းသား အရေအတွက် သည် ကျောင်းတက်ရာခိုင်နှုန်း လားရာအတိုင်း အတူတူပင် ဖြစ်ပါသည်။ ဆိုလိုသည်မှာ အလယ်တန်း၊ အထက်တန်းအဆင့်များသို့ ရောက်ရှိသွားသည်နှင့် အရေအတွက် သိသိ သာသာ ကျဆင်းသွားပါသည်။

**စီမံကိန်းဆောင်ရွက်မည့် ဒေသကြီးများရှိ မြေအသုံးချမှု -** စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တွင် ကြိုးဝိုင်းဧရိယာသည် စိုက်ပျိုးမြေဧရိယာထက် နှစ်ဆနီးပါးမျှ ရှိပါသည်။ အခြားဒေသများဖြစ်သည့် မကွေး၊ မန္တလေး၊ ပဲခူး နှင့် ဧရာဝတီ တိုင်းဒေသကြီးများတွင် ကြိုးဝိုင်းဧရိယာသည် စိုက်ပျိုးမြေဧရိယာထက် လျော့နည်းပါသည်။

**မြေငှားရမ်းမှု အမျိုးအစား -** မြေငှားရမ်းမှုအမျိုးအစားသည် နေရာဒေသအလိုက် ဆောင်ရွက် မည့် စီမံကိန်းလုပ်ငန်းဆောင်တာများ၏ ဘောင်ဝင်မှုကို သက်ရောက်မှုရှိပါသည်။ စီမံခန့်ခွဲရေး ရှုထောင့်မှကြည့်မည်ဆိုလျှင် မြန်မာနိုင်ငံရှိ မြေများအား အောက်ပါအတိုင်း အမျိုးအစား ခွဲခြားနိုင်ပါသည်-

- **ဘိုးဘပိုင်မြေ** - ဤမြေအမျိုးအစားသည် စီမံကိန်းလုပ်ငန်းဆောင်တာများအတွက် သင့်တော်မည် မဟုတ်ပါ။
- **ဂရန်မြေ** - ဂရန်မြေသည် အစိုးရက ပိုင်ဆိုင်သော မြေမျိုးဖြစ်ပြီး မြို့များ၊ မြို့တော်များ အားလုံးနီးပါးတွင် တွေ့ရကာ ကျေးရွာများတွင်မူ အတွေ့ရနည်းပါသည်။ ၎င်းသည် အစိုးရစီမံခန့်ခွဲခွင့်ရှိသော မြေဖြစ်ပြီး လုပ်ကိုင်ခွင့်အား ၁၀ နှစ်မှ နှစ်၉၀ အထိ ချပေးလေ့ရှိသည်။ ဤမြေအမျိုးအစားသည် စီမံကိန်းလုပ်ငန်းဆောင်တာများအတွက် သင့်တော်မည် မဟုတ်ပါ။
- **လယ်ယာမြေ** - ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေအရ လယ်ယာမြေဆိုသည်မှာ လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းမြေ၊ တောင်ယာမြေ၊ နှစ်ရှည်ပင်စိုက်ပျိုးသောမြေ၊ ဓနိမြေ၊ ဥယျာဉ်မြေ ဟုသော်လည်းကောင်း၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်စိုက်ပျိုးသည့် ခြံမြေ ဟုသော်လည်း ကောင်း၊ မြေနုကျွန်းမြေ ဟုသော်လည်းကောင်း သတ်မှတ်သည့် မြေများကို ဆိုသည်။ လယ်ယာမြေတွင် လုပ်ပိုင်ခွင့်ရသူသည် လယ်ယာလုပ်ကိုင်ခြင်း အတွက်သာမြေကို အသုံးပြုရမည်။ ဤမြေအမျိုးအစားသည် စီမံကိန်းလုပ်ငန်း ဆောင်တာများအတွက် သင့်တော်မည် မဟုတ်ပါ။

- **မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများ** - ဤမြေအမျိုးအစားသည် သီးခြားအတန်းအစား တစ်ခုဖြစ်ပြီး စီးပွားရေးလုပ်ငန်းများအား အဆိုပါမြေပေါ်တွင် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် အစိုးရက အပ်နှင်းနိုင်ပေသည်။ အဆိုပါမြေအမျိုးအစားများသည် မြေလွတ်၊မြေလပ် နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ဥပဒေနှင့် နည်းဥပဒေများနှင့်အညီ စီမံခန့်ခွဲသည့် မြေများ ဖြစ်သည်။ စီမံကိန်းသည် မြေလွတ်၊မြေလပ် နှင့် မြေရိုင်းများပေါ်တွင် ဆောင်ရွက်မည် မဟုတ်ပါ။
- **သစ်တောနယ်မြေ** - သစ်တောနယ်မြေသည် သစ်တောဥပဒေ၊ သစ်တော နည်းဥပဒေ များနှင့် စည်းမျဉ်းစည်းကမ်းများအရ သစ်တောရေးရာဝန်ကြီးဌာန(ယခု သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန)၊ သစ်တောဦးစီးဌာနက သတ်မှတ် ကြေငြာ၊ ဖွဲ့စည်းထားသည့် မြေဖြစ်သည်။ သစ်တောထွက်ပစ္စည်းများ ထုတ်ယူသုံးစွဲခွင့် အတွက် ဝန်ကြီးဌာန၏ ခွင့်ပြုမိန့်ရယူရန် လိုအပ်သည်။ စီမံကိန်းသည် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းကို

အခြေခံသည့် စီးပွားရေးလုပ်ငန်းများနှင့်သက်ဆိုင်သော လုပ်ငန်း ဆောင်တာများကို သစ်တောနယ်မြေတွင် ဆောင်ရွက်မည်ဖြစ်သည်။

- **မြို့မြေ** - ဤမြေအမျိုးအစားသည် FREDIP လုပ်ငန်းစီမံကိန်း လုပ်ငန်းဆောင်တာများ အတွက် အသုံးပြုမည် မဟုတ်ပါ။
- **ရွာမြေ** - ဤမြေအမျိုးအစားသည် FREDIP လုပ်ငန်းစီမံကိန်း လုပ်ငန်းဆောင်တာများ အတွက် အသုံးပြုမည် မဟုတ်ပါ။
- **တပ်ပိုင်မြေ** - တပ်ပိုင်မြေများအား FREDIP လုပ်ငန်းစီမံကိန်း လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရန် ဖြစ်နိုင်မည် မဟုတ်ပါ။
- **သာသနာပိုင်မြေ** - ပြည်ထဲရေးဝန်ကြီးဌာနက သာသနာမြေအဖြစ် ကြေငြာ ထား သော မြေအမျိုးအစားဖြစ်ကာ နှစ်ပေါင်းများစွာ မပြောင်းမလဲဘဲ တည်ရှိနေသော မြေမျိုးဖြစ်သည်။
- **တိုင်းရင်းသားမျိုးနွယ်စုများက ဓလေ့ထုံးတမ်းအရ ပိုင်ဆိုင်သောမြေ** - မြန်မာနိုင်ငံတွင် မြေနှင့်သစ်တောထွက်သယံဇာတများ သုံးစွဲပိုင်ခွင့်သည် လူ့နေမှု အဖွဲ့အစည်း၊ ရိုးရာ ယဉ်ကျေးမှုများနှင့် များစွာ ဆက်နွယ်လျက်ရှိပါသည်။ ၂၀၁၀ ခုနှစ် ကတည်းက မြန်မာနိုင်ငံတော်အစိုးရသည် တိုင်းရင်းသားမျိုးနွယ်စုများ နှင့် အမျိုးသမီးများ၏ အခွင့်အလမ်းကို ကာကွယ်ခြင်း အပါအဝင် မြေယာပိုင်ဆိုင်မှု သေချာမှုရှိစေခြင်း၊ သစ်တောမြေများကို ဆယ်စုနှစ်ပေါင်းများစွာ အသုံးပြုနေခဲ့သည့် ဒေသခံပြည်သူတို့၏ ရိုးရာအစဉ်အလာအရ ကျင့်သုံးဆောင်ရွက်မှုများကို အသိအမှတ် ပြုရန် သစ်တောမြေနှင့် သယံဇာတများဆိုင်ရာ မူဝါဒများ၊ ဥပဒေများ၊ လမ်းညွှန်ချက်များ၊ စည်းမျဉ်းစည်းကမ်း များကို ပြင်ဆင်ခြင်းတို့ဖြင့် ကြိုးပမ်းအားထုတ်ခဲ့ပါသည်။ ဓလေ့ထုံးတမ်းဥပဒေများကို တရားဝင် အသိအမှတ်ပြုရန်၊ သစ်တောမြေအသုံးပြုခွင့်ကို အားကောင်းစေရန် မူဝါဒနှင့်ဥပဒေမူဘောင်များ ပြုပြင်ခြင်းများကို အစိုးရက ဆောင်ရွက်ခဲ့သော်လည်း အဆိုပါအားထုတ်မှု အများစုမှာ သက်ရောက်မှု မရှိခဲ့ပါ။ ဤအချက်ကပင် စီမံကိန်းကြောင့် ကျေးလက်နေ ဒေသခံ တိုင်းရင်းသားများ နှင့် အမျိုးသမီးများ၏ ထိခိုက်လွယ်သော အသက်မွေး ဝမ်းကျောင်းမှုများအပေါ် ဆိုးကျိုးများ သက်ရောက်လာဖွယ်ရှိသည်ဟု ညွှန်ပြနေပေသည်။ တိုင်းရင်းသားမျိုးနွယ်စုများက ရွှေ့ပြောင်းတောင်ယာ နှင့် ၎င်းတို့၏

အသက်မွေး ဝမ်းကျောင်းမှုအတွက် ဆောင်ရွက် အသုံးပြုနေသည့် သစ်တောမြေနေရာများအား ပြန်လည်တောင်းဆိုခြင်းများ ရှိလာနိုင် ပါသည်။

**ကျား/မ ဆိုင်ရာ ခြားနားချက် -** စီးပွားရေးလုပ်ငန်းများ နှင့် အိမ်တွင်းမှုလုပ်ငန်း ဆောင်တာများတွင်-

- **ကဏ္ဍအလိုက် လုပ်သားခန့်ထားမှု** (အလုပ်အကိုင်) - အမျိုးသမီးလုပ်သား အများဆုံးသည် စိုက်ပျိုးရေးကဏ္ဍတွင် လုပ်ကိုင်လျက်ရှိကာ အမျိုးသမီးလုပ်သားထု၏ ထက်ဝက်ခန့်ရှိပြီး ဝန်ဆောင်မှုလုပ်ငန်းနှင့် ထုတ်လုပ်ရေးလုပ်ငန်းများတွင်လည်း လုပ်ကိုင်လျက်ရှိပါသည်။
- **ရုံးဌာနများတွင် လုပ်သားခန့်ထားမှု -** အစိုးရဌာနများနှင့် ပြည်သူ့ရေးရာ အုပ်ချုပ်မှု ဆောင်ရွက်ရာတွင် အမျိုးသမီးလုပ်သားခန့်ထားမှု အခြေအနေသည် အမျိုးသားများနှင့် နှိုင်းယှဉ်ပါက နည်းပါးလျက်ရှိသော်လည်း တဖြည်းဖြည်းချင်း မြင့်တက်လာလျက်ရှိပါသည်။
- **စာရင်းပေါက်မဟုတ်သော စီးပွားရေးလုပ်ငန်းများတွင် လုပ်သားခန့်ထားမှု -** မြန်မာနိုင်ငံတွင် များစွာသော အမျိုးသမီးထုသည် စာရင်းပေါက် မဟုတ်သော စီးပွားရေးလုပ်ငန်းဆောင်တာများ၌ ဝင်ရောက်လုပ်ကိုင်နေကြပါသည်။ ကျေးလက်နေအမျိုးသမီးများသည် မြို့နေ အမျိုးသမီးများထက် မိမိတို့ကိုယ်ပိုင် လုပ်ငန်းဆောင်တာများကို ပိုမိုလုပ်ဆောင်ရနိုင် ပါသည်။ မိသားစုပိုင် စီးပွားရေးလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နေသည့် အမျိုးသမီး များစွာလည်း ရှိပါသေးသည်။
- **စိုက်ပျိုးရေး နှင့် ကျေးလက် အသက်မွေးဝမ်းကျောင်းမှုများ -** ၂၀၁၀ ခုနှစ် ကိန်းဂဏန်းများအရ စိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်ကိုင်နေသည့် လုပ်သားများ၏ ၅၁% သည် အမျိုးသမီးများ ဖြစ်ပါသည်။
- **မြေယာအသုံးပြုခွင့်နှင့် ပိုင်ဆိုင်မှု -** စိုက်ပျိုးရေးလုပ်ကိုင်ကြသည့် အိမ်ထောင်စု ၁၀ ခုအနက် ၉ ခုသည် စိုက်ပျိုးမြေများကို အသုံးပြုခွင့်ရရှိကာ ၎င်းတို့အနက် ၉၀ % သည် အမျိုးသားများ နှင့် ၁၀% သည် အမျိုးသမီးများက အိမ်ထောင်ဦးစီးအဖြစ် ဆောင်ရွက်လုပ်ကိုင်ကြခြင်း ဖြစ်သည်။ အမျိုးသားဦးစီးသော အိမ်ထောင်စုများ၏ ၉၈% သည် စိုက်ပျိုးမြေများကို အသုံးပြုခွင့်ရရှိကြပြီး အမျိုးသမီးဦးစီးသော အိမ်ထောင်စုများ ၏ ၆၁ % သည်သာ စိုက်ပျိုးမြေများကို အသုံးပြုခွင့် ရရှိကြပါသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အမျိုးသမီးများအား မြေယာ အသုံးပြုခွင့်/ခံစားခွင့် စာချုပ်များကို

ချုပ်ဆိုနိုင်ကြောင်း ညီမျှသည့် အခွင့်အရေး ပေးထားပါသည်။ မြန်မာနိုင်ငံတွင် များစွာသော မိရိုးဖလာထုံးတမ်းစဉ်လာများသည် အမျိုးသားများအား စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခြင်း နှင့် အိမ်တွင်းရေးရာများ ဆုံးဖြတ်ချက် ချမှတ်ရာတွင် လုပ်ပိုင်ခွင့် အခွင့်အာဏာ ပိုမိုပေးအပ်ထားလေ့ရှိပါသည်။ သို့ဖြစ်ရာ အိမ်ထောင်စု၏ အမျိုးသား သို့မဟုတ် သားဖြစ်သူကို အမွေဆက်ခံခွင့် ပေးထားသကဲ့သို့ ဖြစ်နေသည်။ ဥပဒေကြောင်းအရ လင်နှင့်မယားသည် ပစ္စည်းဥစ္စာများကို တစ်ဝက်စီ ပိုင်ဆိုင်ကြသော်လည်း မြန်မာနိုင်ငံတွင် ပစ္စည်းဥစ္စာများအား လင်နှင့်မယား အတူတကွ ပူးတွဲပိုင်ဆိုင်ခွင့်ကို လက်ရှိဥပဒေမူဘောင်များက ပေးမထားပါ။

- **လယ်ယာလုပ်ငန်းတွင် အလုပ်ခွဲခြားလုပ်ကိုင်မှု** - အမျိုးသမီးများသည် စိုက်ပျိုးခြင်း၊ စောင့်ရှောက်ခြင်း၊ ပေါင်းနုတ်ခြင်း၊ ရွှေ့ပြောင်းစိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်း၊ ခြွေလှေ့ခြင်း၊ ရိတ်သိမ်းပြီးနောက် ဆောင်ရွက်ရသည့် လုပ်ငန်းများ နှင့် ဈေးကွက်သို့ ပို့ခြင်း အစရှိသော သီးနှံစိုက်ပျိုးခြင်း လုပ်ငန်းများတွင် ပိုမိုတာဝန်ယူကြရပါသည်။ ထိုသို့သော အချို့လုပ်ငန်းများကို အမျိုးသားများက ဆောင်ရွက်ကြသော်လည်း အမျိုးသမီးများက ပိုမိုလုပ်ဆောင်ရပါသည်။ အစဉ်အလာအားဖြင့် အမျိုးသားများက ထွန်ယက်ခြင်း၊ မြေပြုပြင်ခြင်း၊ မြေဘောင်ပြုလုပ်ခြင်း၊ စည်းရိုးကာခြင်း လုပ်ငန်းများကို တာဝန်ယူကြပါသည်။ ထုတ်လုပ်ရေးလုပ်ငန်းဆောင်တာများ လုပ်ဆောင်ချိန်တွင် အမျိုးသားများသည် အမျိုးသမီးများထက် များစွာ နည်းပါးပါသည်။
- **အိမ်၊ အလုပ်နှင့် ပြည်သူ့ရေးရာ စီမံအုပ်ချုပ်မှုများတွင် ဆုံးဖြတ်ချက်များ ချမှတ်ခြင်း** - အိမ်ထောင်စုအဆင့်တွင် အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းနှင့် ပြုစုစောင့်ရှောက် မှု လုပ်ငန်းဆောင်တာများကို အဓိက တာဝန်ယူလုပ်ဆောင်ကြပါသည်။ စီးပွားရေး ကိစ္စရပ်ကဲ့သို့သော အရေးကြီးသည့် ဆုံးဖြတ်ချက်များကိုမူ ယေဘုယျအားဖြင့် အမျိုးသားများက ဆုံးဖြတ်ကြပါသည်။ ရပ်ရွာလူထုဆိုင်ရာ လုပ်ငန်းဆောင်တာများ နှင့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင်လည်း များသောအားဖြင့် အမျိုးသားများက ဦးဆောင်ဦးရွက်ပြုကြပါသည်။
- **မညီမျှမှုများစွာ ရှိနေဆဲဖြစ်သည်** - လက်တွေ့တွင် အသက်မွေးဝမ်းကျောင်းမှု၊ မြေအသုံးချမှု နှင့် ပိုင်ဆိုင်ခွင့်များတွင် မညီမျှမှုများ ရှိနေဆဲဖြစ်ပြီး အောက်ပါတို့ ပါဝင်ပါသည်-

၁။ စာရင်းပေါက်မဟုတ်သော သတ်သတ်မှတ်မှတ်မရှိသည့် စီးပွားရေး လုပ်ငန်းကဏ္ဍများနှင့် စိုက်ပျိုးရေးကဏ္ဍတွင် အမျိုးသမီးလုပ်သားထု ရာနှုန်းများစွာက ပါဝင်ဆောင်ရွက်လျက်ရှိသည်။

၂။ မိသားစုအတွင်း ထိန်းသိမ်းစောင့်ရှောက်ခြင်း နှင့် အိမ်တွင်းမှု လုပ်ငန်းများမှအပ အိမ်ထောင်စုတွင် အမျိုးသားများသည်သာ ဆုံးဖြတ်ချက်ချသူများ ဖြစ်သည်။

၃။ မြေယာပိုင်ဆိုင်မှုသည် ညီမျှသော အခွင့်အရေး ရှိသည်ဆိုသော်လည်း အမည်တပ်ခွင့်ကို အမျိုးသားများကသာ ရလေ့ရှိသည်။

၄။ လုပ်အားများစွာ ထည့်ဝင်အသုံးပြုရသော စိုက်ပျိုးရေးနှင့်သစ်တောလုပ်ငန်း အများစုတွင် အမျိုးသမီးများက ဆောင်ရွက်ကြရသော်လည်း စီးပွားရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ခြင်း နှင့် ဟောပြောပွဲများ၊ စွမ်းဆောင်ရည်တည်ဆောက်မှု လုပ်ငန်းများတွင် အမျိုးသားများကသာ ကြီးစိုးလေ့ရှိသည်။

- **အမျိုးသမီးများတွင် ထူးခြားသော အသိပညာ၊ လိုအပ်ချက်များ နှင့် ဦးစားပေးအရာများ ရှိသည် -** သစ်တောစီမံအုပ်ချုပ်မှုနှင့်စပ်လျဉ်း၍ အမျိုးသမီးများသည် ဆုံးဖြတ် လုပ်ကိုင်ခွင့် ရလေ့မရှိပါ။ သစ်တောများသည် မြန်မာနိုင်ငံကဲ့သို့သော စိုက်ပျိုးရေး အခြေခံသည့် ရပ်ရွာလူထုများတွင် အမျိုးသားများ နှင့် အမျိုးသမီးများအတွက်ပါ အရေးကြီးသော စီးပွားရေးအရင်းအမြစ်ဖြစ်ကာ ဝင်ငွေ၊ နေအိမ်အမိုးအကာ၊ အိမ်ထောင်စု စီးပွားရေး လုပ်ငန်း နှင့် အစားအစာဖူလုံမှုတို့ကိုလည်း ပေးပါသည်။
- **အစဉ်အလာအားဖြင့် အမျိုးသမီးများသည်** ထင်း နှင့် အခြားသော မှို၊ သစ်သီး၊ ဟင်းသီးဟင်းရွက် နှင့် ဆေးဘက်ဝင်အပင်များ ကဲ့သို့သော သစ်တောထွက်ပစ္စည်းများကို စုဆောင်းကောက်ယူကြပါသည်။ အမျိုးသားများသည် အမဲလိုက်ခြင်း၊ သစ်ခုတ်၊ ဝါးခုတ်ခြင်းများ ဆောင်ရွက်ကြပါသည်။

**အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများ -** စီမံကိန်းဆောင်ရွက်မည့် ဒေသကြီးများတွင် နေထိုင်ကြသော လူအများစု၊ အထူးသဖြင့် သစ်တောနယ်မြေအတွင်း သို့မဟုတ် သစ်တောနယ်မြေအနီး နေထိုင်ကြသော သူများသည် စိုက်ပျိုးရေး၊ သစ်တော နှင့် ရေလုပ်ငန်း ဆိုင်ရာ အသက်မွေးဝမ်းကျောင်းပြုမှုများ မှီခိုနေကြပြီး နှင့် ကူးသန်းရောင်းဝယ်မှုများ လုပ်ကိုင်ကြသည်များလည်း ရှိပါသည်။ သဘာဝထိန်းသိမ်းရေးနယ်မြေများ၏ ကြားခံနယ်မြေ အတွင်းရှိ ကျေးရွာများ နှင့် အနီးအနားဝန်းကျင်ရှိ ကျေးရွာများမှ ရပ်ရွာလူထုသည်လည်း လယ်ယာလုပ်ငန်းကိုသာ အဓိက

အသက်မွေးဝမ်းကျောင်းမှုအဖြစ် လုပ်ကိုင်ကြပါသည်။ အချို့သော သဘာဝထိန်းသိမ်းရေး နယ်မြေများ အနီးအနားဝန်းကျင်ရှိ ရပ်ရွာလူထုသည် လယ်ယာလုပ်ငန်းသည် အားမထားလောက် သည့်အခါ ၎င်းတို့ အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းအဖြစ် သစ် နှင့် သစ်မဟုတ်သည့် သစ်တော ထွက်ပစ္စည်းများ ထုတ်ယူခြင်းအပေါ် မှီခိုနေကြပါသည်။

**စိုက်ပျိုးရေး -** မြန်မာနိုင်ငံရှိ လယ်သမားအများစုသည် အသေးစား လယ်ယာလုပ်ကိုင်ကြသူများ ဖြစ်ပါသည်။ စီမံကိန်းဆောင်ရွက်မည့် ဒေသကြီးများတွင် ဝင်ငွေရသီးနှံများဖြစ်သော စပါး၊ ဂျုံ၊ ပြောင်း၊ မိုးမြေပဲ၊ ဆောင်းမြေပဲ၊ နှမ်း(နှမ်းလျင်၊ နှမ်းကြီး) တို့ကို စိုက်ပျိုးကြပါသည်။

**ဆင်းရဲမွဲတေမှု -** မြန်မာနိုင်ငံတော်အစိုးရက တရားဝင်သတ်မှတ်ထားသော ဆင်းရဲမွဲတေမှု လိုင်းအရ အရွယ်ရောက်သူ တစ်ဦး၏ ဝင်ငွေမှာ ၁၅၀၉ ကျပ် ဖြစ်ပါသည် (Myanmar Living Conditions Survey, ၂၀၁၇)။ ရောဝတီတိုင်းဒေသကြီးသည် စီမံကိန်းဆောင်ရွက်မည့် ဒေသကြီးများအနက် အဆင်းရဲဆုံးဖြစ်ကာ စစ်ကိုင်းနှင့် ပဲခူးတိုင်းအနောက်ပိုင်းသည် ဆင်းရဲ မွဲတေမှုရာခိုင်နှုန်း အနည်းဆုံး ဖြစ်ကြပါသည်။

- **လုပ်သားခန့်ထားမှု -** လုပ်သားအနေဖြင့် ပါဝင်ဆောင်ရွက်မှုနှုန်း ကွဲပြားသော်လည်း အသက်အရွယ်အုပ်စုအားလုံးနှင့် ကျား/မများအတွက် အလုပ်လက်မဲ့နှုန်းသည် ၃ % မှ ၄% အထိ ရှိနေသည်ဖြစ်ရာ လုပ်ခပေးသော အလုပ်များတွင် ဝင်ရောက်လုပ်ကိုင်လိုမှု သို့မဟုတ် လုပ်ကိုင်ရန် လိုအပ်မှုသည် ခြားနားမှုရှိကြောင်း ဖော်ပြနေပါသည်။
- **ကလေးလုပ်သား -** မြန်မာနိုင်ငံဥပဒေအရ အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံး အသက် အရွယ်မှာ ၁၄ နှစ် ဖြစ်ပြီး ထိုအချက်သည် ESS2 သတ်မှတ်ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီပါ သည်။ သို့သော် အန္တရာယ်ရှိသော လုပ်ငန်းများတွင် အသက် ၁၈ နှစ် ပြည့်ပြီးသူများသာ ဝင်ရောက်လုပ်ကိုင်နိုင်ကြောင်း ESS2 က သတ်မှတ်ပြဋ္ဌာန်း ထားပါသည်။
    - ဒေသအားလုံးတွင် အမျိုးသားနှင့်အမျိုးသမီး အလုပ်လက်မဲ့နှုန်းအနေဖြင့် အသက် ၁၅ နှစ်နှင့်အထက် အုပ်စုသည် အသက် ၁၀ နှစ်အထက် အုပ်စုထက် ပိုမိုနည်းပါး ကြောင်း တွေ့ရသည်ဖြစ်ရာ အသက် ၁၀ နှစ် နှင့် ၁၄ နှစ်ကြား အလုပ်ရှာဖွေနေသူ ကလေးသူငယ်များသည် အလုပ်အကိုင်မရရှိကြကြောင်း ဖော်ညွှန်းနေပါသည်။
    - ကလေးသူငယ်များ အဓိကပါဝင်လုပ်ကိုင်နေကြသည်မှာ စိုက်ပျိုးရေးနှင့် ထုတ်လုပ်မှု ကဏ္ဍများတွင် ဖြစ်ပါသည်။

- အန္တရာယ်ရှိသည့် အလုပ်များတွင် လုပ်ကိုင်နေကြသည့် ကလေးသူငယ် လေးပုံတစ်ပုံခန့် သည် အသက် ၁၂ နှစ် မှ ၁၄ နှစ်ကြားရှိကြပြီး နာရီကြာမြင့်စွာ လုပ်ကိုင်နေကြရပါသည်။
- **ကျား/မအားဖြင့် လုပ်သားအဖြစ် ဝင်ရောက်လုပ်ကိုင်မှုနှုန်း -** အမျိုးသမီးများအနေဖြင့် လုပ်သားအဖြစ် ပါဝင်လုပ်ကိုင်မှုနှုန်းသည် အမျိုးသားများထက် အမြဲတစေ နည်းပါး ပါသည်။
- **အတင်းအဓမ္မစေခိုင်းခြင်း -** မြန်မာနိုင်ငံရှိ မြို့ကြီးများတွင် အတင်းအဓမ္မစေခိုင်းခြင်းများ ပျောက်ကွယ်သွားခဲ့ပြီးဖြစ်ပါသည်။ သို့သော် ကျေးလက်ဒေသများတွင်မူ ပြည်သူများအား အသက်မွေးဝမ်းကျောင်းမှုအဖြစ် သို့မဟုတ် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေး အတွက် ဆောက်လုပ်ရေးလုပ်သားများအဖြစ် အတင်းအဓမ္မစေခိုင်းမှုများ ရှိနေပါသည်။

**ရေဖြန့်ဖြူးမှု -** စီမံကိန်းဆောင်ရွက်မည့် ဒေသကြီးများရှိ အိမ်ထောင်စုများအတွက် ရေအရင်းအမြစ်များတွင် ရေတွင်းများ သို့မဟုတ် အဝီစိတွင်းများ ပါဝင်ကာ နွေရာသီတွင် သောက်သုံးရေအဓိက ထောက်ပံ့ပေးသော နေရာများလည်း ဖြစ်သည်။ သောက်ရေသန့်ဗူးများ သည်လည်း အရေးကြီးသော ရေအရင်းအမြစ်များအနက် ဒုတိယနေရာတွင် လိုက်ပါသည်။ မိုးရာသီတွင် မိုးရေကို စုဆောင်းကာ အသုံးပြုကြသည်။

**သန့်ရှင်းရေး -** စီမံကိန်းဆောင်ရွက်မည့် ဒေသကြီးများတွင် အိမ်ထောင်စုအများစုသည် ယင်လုံအိမ်သာများ သုံးစွဲနေကြသည်ကို တွေ့ရပြီး အနိမ့်ဆုံးအားဖြင့် ၉၀% နီးပါး အသုံးပြုကြောင်း တွေ့ရသည်။ အသုံးပြုသော ယင်လုံအိမ်သာအမျိုးအစားများအနက် မကွေးတိုင်းဒေသကြီးတွင် အသုံးများသော တိုက်ရိုက်စွန့်သည့် အိမ်သာများမှလွဲ၍ ကျင်းတူး ကာ ရေလောင်းသည့် အိမ်သာအမျိုးအစားများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကြသည်။

**အိမ်ထောင်စု စွမ်းအင်အသုံးပြုမှု -** ကျေးလက်နေအိမ်ထောင်စုများ နှင့် အချို့သော မြို့နေ အိမ်ထောင်စုများသည် ချက်ပြုတ်ရန် နှင့် အနွေးဓာတ်ရရှိစေရန် နေအိမ် လောင်စာအတွက် သဘာဝအရင်းအမြစ်များ အထူးသဖြင့် သစ်တောထွက်သယံဇာတများဖြစ်သည့် ထင်း နှင့် မီးသွေးပေါ်တွင်သာ မှီခိုနေကြပါသည်။ အိမ်ထောင်စုများ၏ ၁၇% သည်သာ လျှပ်စစ် သို့မဟုတ် သဘာဝဓာတ်ငွေ့ရည်ကို ချက်ပြုတ်ရန်အတွက် စွမ်းအင်အဖြစ် အသုံးပြုကြသည်။ စွမ်းအင်လိုအပ်ချက်သည် အိမ်ထောင်စုတစ်ခုလုံးအပေါ် သက်ရောက်မှုရှိပါသည်။ အမျိုးသမီး များသည် အစားအစာ ချက်ပြုတ်ပြင်ဆင်ခြင်းအတွက် အဓိကတာဝန်ယူရသဖြင့် သက်ရောက်မှု

ကို ပို၍ခံစားရကာ အိမ်ထောင်စုအတွက် ထင်း နှင့် ရေ စုဆောင်းခြင်းအတွက် အမျိုးသားများ ထက်စာလျှင် ၃ ဆမျှ အချိန်ပေးကြရပါသည်။

**မြို့ပြထွန်းကားလာခြင်း -** တစ်နိုင်ငံလုံး လူဦးရေတိုးနှုန်းထက်စာလျှင် မြို့ပြနေလူဦးရေသည် လျင်မြန်စွာ တိုးပွားလာနေရာ ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံသား ၁၀ ယောက်လျှင် ၄ ယောက်သည် မြို့ပြများတွင် နေထိုင်ကြလိမ့်မည်ဟု မျှော်မှန်းထားပါသည်။

**ဘဏ္ဍာရေးလုပ်ငန်းများအား လက်လှမ်းမီအသုံးပြုနိုင်မှုတွင်** အောက်ပါတို့ ပါဝင်သည်-

- **မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးမှုဘဏ်သည်** စိုက်ပျိုးရေးလုပ်ငန်းများကို ဘဏ္ဍာငွေထောက်ပံ့ပေးရာတွင် အဓိကအခန်းမှ ပါဝင်ပါသည်။ ထုံးတမ်းစဉ်လာမြေပိုင်ဆိုင်မှုများသည် ချေးငွေချေးယူနိုင်ခြင်း မရှိကြပါ။
- မြစိမ်းရောင်စီမံကိန်းသည် အသက်မွေးဝမ်းကျောင်းမှုအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဂမ်းကြောင်းမှုအလုပ်များ၊ အသေးစားကုန်သွယ်မှုလုပ်ငန်းများအပေါ် မှီခိုနေကြသည့် ကျေးလက်နေအိမ်ထောင်စုများအား လှည့်ပတ်ရန်ပုံငွေ ထူထောင်ပေးခြင်းဖြင့် ထောက်ပံ့မှုပေးပါသည်။ အဆိုပါလှည့်ပတ်ရန်ပုံငွေသည် ကျေးလက်နေပြည်သူများ ဝင်ငွေတိုးတက်ရေး နှင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ပါသည်။
- သို့သော် အဓိက ဝင်ငွေရရှိသောနည်းလမ်းမှာ သတ်သတ်မှတ်မှတ် မရှိလှပါ။

**လူမှုရေးရာ အကာအကွယ်ပေးခြင်း - ထိခိုက်ခံစားလွယ်သည့် အမျိုးအစားများအား ဇယား ES ၁ တွင် သတ်မှတ်ဖော်ပြထားပါသည်။**

**ဇယား ES ၁ ဖြစ်ပေါ်လာနိုင်သော ထိခိုက်ခံစားလွယ်မှု အမျိုးအစားနှင့် အဆင့်များ**

| အမျိုးအစား | အဆင့် | | |
|---|---|---|---|
| | တစ်ဦးချင်း သို့မဟုတ် အိမ်ထောင်စု | ရပ်ရွာလူထု သို့မဟုတ် အုပ်စု | ခရိုင်၊ ပြည်နယ်/တိုင်းဒေသကြီး၊ နိုင်ငံ၊ ဒေသ သို့မဟုတ် ကမ္ဘာလုံးဆိုင်ရာ |
| ကျန်းမာရေး | ဖျားနာခြင်း၊ မတော်တဆ ထိခိုက်ခြင်း၊ မသန်စွမ်းဖြစ်ခြင်း၊ | ကူးစက်ရောဂါ/ကပ်ရောဂါ | |

| အမျိုးအစား | အဆင့် | | |
|---|---|---|---|
| | တစ်ဦးချင်း သို့မဟုတ် အိမ်ထောင်စု | ရပ်ရွာလူထု သို့မဟုတ် အုပ်စု | ခရိုင်၊ ပြည်နယ်/တိုင်းဒေသကြီး၊ နိုင်ငံ၊ ဒေသ သို့မဟုတ် ကမ္ဘာလုံးဆိုင်ရာ |
| | အသက်ကြီးရင့်ခြင်း၊ သေဆုံးခြင်း | | |
| လူမှုရေး | ပြစ်မှုကျူးလွန်ခြင်း၊ အိမ်တွင်းအကြမ်းဖက်မှု၊ နှိမ်ချခွဲခြားဆက်ဆံခြင်း<br><br>ဝင်ငွေ အဓိက ရှာဖွေနေသူနှင့် ခွဲခွာခြင်း/ကွဲသွားခြင်း သို့မဟုတ် သေဆုံးခြင်း/ ပြောင်းရွှေ့သွားခြင်း<br><br>ကျား/မ(လိင်) သို့မဟုတ် မသန်စွမ်းမှုကြောင့် မိသားစုအတွင်း ဖဲကျဉ်ခံရခြင်း<br><br>ပညာရေးအတွက် လုံလောက်သော ငွေမရှိခြင်း | ပြစ်မှုကျူးလွန်ခြင်း၊ ဂိုဏ်းဖွဲ့အကြမ်းဖက်ခြင်း<br><br>လူမျိုးရေး၊ ဘာသာစကား၊ ဘာသာရေး၊ နိုင်ငံရေးအသင်းအဖွဲ့ဝင်၊ ကျား/မ (လိင်)၊ လိင်ခွဲခြားမှု တို့ကြောင့် ဖဲကျဉ်ခံရခြင်း | တိုင်းရင်းသားရေး နှင့် ပြည်တွင်းရေး ပဋိပက္ခ၊ အခြားသော လူမှုရေး ကသောင်းကနင်းဖြစ်မှု<br><br>နေရပ်ရွှေ့ပြောင်းရမှု(ဖယ်ရှားပစ်ခြင်း) နေရာပြောင်းရွှေ့ချထားခံရခြင်း |
| စီးပွားရေး နှင့် ဘဏ္ဍာရေး | အလုပ်လက်မဲ့ဖြစ်မှု၊ အပြည့်အဝ လုပ်သားခန့်ထားခြင်း မရှိမှု၊ အလုပ်အကိုင် မသေချာမှု၊မတည်မြဲမှု (ကျပန်းအလုပ်)<br><br>ထုတ်လုပ်မှုအတွက် မြေနှင့်အခြားရင်းမြစ်အား လက်လှမ်းမီအသုံးပြုနိုင်မှု မရှိခြင်း | နေရပ်ရွှေ့ပြောင်းရမှု(ဖယ်ရှားပစ်ခြင်း) နေရာပြောင်းရွှေ့ချထားခံရခြင်း၊ သီးနှံပျက်ခြင်း၊ တိရစ္ဆာန်များ ကျရောက်ဖျက်ဆီးခံရခြင်း | အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး၊ မရှိမဖြစ်လိုအပ်သော ကုန်စည်ဈေးနှုန်းများ ရုတ်ချည်းဈေးတက်သွား၍ စီးပွားရေး ကျဆင်းခြင်း/ နာလန်မထူခြင်း၊ ဘဏ္ဍာရေးစနစ် ပျက်ဆီးခြင်း၊ |

| အမျိုးအစား | အဆင့် | | |
|---|---|---|---|
| | တစ်ဦးချင်း သို့မဟုတ် အိမ်ထောင်စု | ရပ်ရွာလူထု သို့မဟုတ် အုပ်စု | ခရိုင်၊ ပြည်နယ်/တိုင်းဒေသကြီး၊ နိုင်ငံ၊ ဒေသ သို့မဟုတ် ကမ္ဘာလုံးဆိုင်ရာ |
| | အကြွေးတင်မှု | | |
| သဘာဝ နှင့် ပတ်ဝန်းကျင် | ရေ၊ မြေ နှင့် အခြားသော သဘာဝသယံဇာတများ ဆုံးရှုံးခြင်း သို့မဟုတ် ညစ်ညမ်းခြင်း | ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ မြေပြိုခြင်း နှင့် အခြားသော ရာသီဥတု ပုံမမှန်(ဖောက်ပြန်)မှုများ<br><br>ရပ်ရွာလူထု/အုပ်စု အဆင့်တွင် သယံဇာတများ ဆုံးရှုံးခြင်း သို့မဟုတ် ညစ်ညမ်းခြင်း | ဆိုင်ကလုန်းမုန်တိုင်း၊ ငလျင်၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ မြေပြိုခြင်း နှင့် အခြားကြီးမားသည့် သဘာဝကပ်ဘေး၊ ပုံမမှန်မှုများ နှင့် ညစ်ညမ်းခြင်း |

**ဇာတ်မြစ် - Nishino, Y. and Koehler, G., 2011 အား ပြုပြင်ထားပါသည်။**

**ယဉ်ကျေးမှုအမွေအနှစ်** - စီမံကိန်းဆောင်ရွက်မည့် ဒေသကြီးများတွင် UNESCO သို့ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် အမည်စာရင်းတင်သွင်းထားသော နေရာများစွာ ရှိကာ ကျော်ကြားသော ဘုရားပွဲတော်၊ ယဉ်ကျေးမှုပွဲတော်များလည်း ကျင်းပလေ့ရှိသည်။

**ကျန်းမာရေးစောင့်ရှောက်မှု** - စီမံကိန်းဆောင်ရွက်မည့် ဒေသကြီးများအနက် မန္တလေး တိုင်းဒေသကြီးတစ်ခုသာ အထူးကုဆေးရုံများ ရှိပါသည်။ အခြားတိုင်းဒေသကြီးများတွင် အထူးကုသမှုလုပ်ငန်းများအားပြည်သူ့ဆေးရုံကြီး(အထွေထွေရောဂါကု)များတွင်ပင် ဆောင်ရွက်ကြပါသည်။ စီမံကိန်းဆောင်ရွက်မည့် ဒေသကြီးများရှိ မြို့နယ်များအားလုံးတွင် ပြည်သူ့ဆေးရုံကြီးများ မရှိပါ။ စီမံကိန်းဆောင်ရွက်မည့် ဒေသကြီးများတွင် အမျိုးမျိုးသော ကျန်းမာရေး ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများ (ဆေးခန်း)များ ပျံ့နှံ့တည်ရှိပါသည်။

**ဆက်သွယ်ရေး** - စီမံကိန်းဆောင်ရွက်မည့် ဒေသကြီးများတွင် အမျိုးသမီး ၅၂ % မှ ၆၂ % နှင့် အမျိုးသား ၆၀ % မှ ၇၀ % ကျော်သည် မိုဘိုင်းလ်ဖုန်း အသုံးပြုကြပါသည်။ အင်တာနက် အသုံးပြုမှုအနေဖြင့် အမျိုးသားများသည် အမျိုးသမီးများထက် ပိုမိုအသုံးပြုကြပါသည်။ (အမျိုးသား ၃၅ % နှင့် အမျိုးသမီး ၂၁%) ဤအချက်အား အသိပညာပေးခြင်း၊ သတင်းအချက်အလက်များ ဖြန့်ဝေခြင်းတို့အတွက် အသုံးပြုနိုင်ပါသည်။

**ကျား/မ(လိင်)အခြေပြုသည့် အကြမ်းဖက်မှု -** အမျိုးသမီးများသည် အိမ်တွင် အကြမ်းဖက်မှု ခံရလေ့ရှိကာ -

- အမျိုးသမီးများအား ကာကွယ်ပေးသည့် ဥပဒေမူဘောင်များ၏ အာဏာသက်ရောက်မှု အားနည်းပါသည်။ အမျိုးသမီးများအပေါ် အများသူငါ သို့မဟုတ် သက်ဆိုင်သူက အကြမ်းဖက်မှု ကျူးလွန်ကြပါသည်။
- အကြမ်းဖက်ခံရမှုနှုန်းသည် ပညာသင်ကြားခွင့် မရရှိခဲ့သူ၊ ဆင်းရဲသော မိသားစုဝင် အမျိုးသမီးကြားတွင် ပိုမိုဖြစ်ပွားလေ့ရှိပါသည်။

**ရာသီဥတုပြောင်းလဲခြင်း -** မြန်မာနိုင်ငံသည် ရာသီဥတုပြောင်းလဲမှုကြောင့် ဆိုးကျိုးများ အများဆုံး ထိခိုက်ခံစားရဖွယ်ရှိသည့် တိုင်းပြည်များအနက် တစ်ခုဖြစ်ပါသည်။ အပူပိုင်းဒေသ (ဇုန်)သည် တိုင်းပြည်၏ အလယ်ဗဟိုပိုင်းတွင် တည်ရှိနေပြီး မြန်မာနိုင်ငံ လူဦးရေ၏ ၃ ပုံ ၁ ပုံ နီးပါး နေထိုင်လျက်ရှိပါသည်။ အပူပိုင်းဒေသတွင် စီမံကိန်းဆောင်ရွက်မည့် မကွေး၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီး (ပိုင်း)တို့ ပါဝင်နေပါသည်။

### ၆။ ဆက်စပ်ပတ်သက်သူများနှင့် ဆက်သွယ်ညှိနှိုင်းခြင်း

- မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ကာကွယ်ရန် အစိုးရအနေဖြင့် ခရီးသွားလာခြင်း၊ လူစုလူဝေးဖြင့် အစည်းအဝေးများပြုလုပ်ခြင်းတို့နှင့် သက်ဆိုင်သည့် ကန့်သတ်တားမြစ်ချက်များ ထုတ်ပြန်ထားရာ စီမံကိန်းဆောင်ရွက်မည့် ဒေသကြီးများ တွင် ဆက်စပ်ပတ်သက်သူများနှင့် ဆက်သွယ်ညှိနှိုင်းခြင်းအား မျက်နှာချင်းဆိုင် ဆောင်ရွက်ရန် မဖြစ်နိုင်ခဲ့ပါ။ အထူးသဖြင့် လူမှုဘဝဆိုင်ရာ ဆန်းစစ်ချက်တွင် ပုံမှန် ဆောင်ရွက်ရမည်ဖြစ်သော မြို့နယ်အဆင့်၊ ကျေးရွာလူထုအဆင့် တိုင်ပင်ဆွေးနွေးမှု များကို မျက်နှာချင်းဆိုင် ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိပါ။ ဆက်စပ်ပတ်သက်သူများနှင့် ဆက်သွယ်ညှိနှိုင်းခြင်းအား အွန်လိုင်း ဆွေးနွေးပွဲများနှင့် တယ်လီဖုန်းဖြင့် ဆက်သွယ် မေးမြန်းခြင်း နည်းများသုံးကာ ဆောင်ရွက်ခဲ့ပါသည်။
- စီမံကိန်း၏ ဆက်စပ်ပတ်သက်သူများနှင့် ဆက်သွယ်ညှိနှိုင်းခြင်း အစီအစဉ်ကို ရေးဆွဲပြင်ဆင်ခဲ့ပါသည်။ ယင်းတွင် ဆက်စပ်ပတ်သက်သူများနှင့် မည်ကဲ့သို့ ဆက်သွယ် ညှိနှိုင်းခြင်းများ ဆောင်ရွက်ခဲ့သည်ကို အကျဉ်းချုပ်ဖော်ပြထားပြီး နစ်နာမှုတိုင်ကြားချက် များနှင့် အကြံပြုချက်များကို ဖြေရှင်းပေးသည့်စနစ်ဆိုင်ရာ သတ်မှတ် ပြဋ္ဌာန်းချက်များ နှင့်

စီမံကိန်း အကောင်အထည်ဖော်သည့်ကာလအတွင်း ဆက်စပ်ပတ်သက်သူများ မည်သို့ပါဝင်ဆောင်ရွက်မည်ဆိုသည့် အစီအစဉ်များ ရေးဆွဲခြင်းလည်း ပါဝင်ပါသည်။ ထို့အပြင် စီမံကိန်းနေရာတွင် စီမံကိန်းအပိုင်း ၁.၄ ပါ လုပ်ငန်းများအားလုံး နှင့် သက်ဆိုင်သော လုပ်ငန်းဆောင်တာများ မဆောင်ရွက်မီ စီမံကိန်း နေရာဒေသအလိုက် လူမှုဘဝဆိုင်ရာ ဆန်းစစ်ခြင်းကို ဆောင်ရွက်ထားရှိရန် လိုအပ်ပါသည်။ နေရာဒေသအလိုက် လူမှုဘဝဆိုင်ရာ ဆန်းစစ်ခြင်း၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် စီမံကိန်းသည် အထူးသဖြင့် ရပ်ရွာလူထု၊ ရပ်ကွက်/ကျေးရွာ၊ မြို့နယ် နှင့် ခရိုင်အဆင့်များတွင် ဆက်စပ်ပတ်သက်သူများနှင့် ဆက်သွယ်ညှိနှိုင်းကာ တိုင်ပင်ဆွေးနွေးခြင်းကို ဆောင်ရွက်ရန် လိုအပ်ပြီး တိုင်းဒေသကြီးအဆင့် တိုင်ပင်ဆွေးနွေးမှုများကိုလည်း ဖြည့်စွက်ဆောင်ရွက်ရမည် (ESMF နောက်ဆက်တွဲ ၁၇ TORS for SSSA ကို ညွှန်းဆိုပါသည်)။

- စီမံကိန်းဆိုင်ရာ အချက်အလက်များ ထုတ်ပြန်ခြင်း ၊ မျှော်မှန်းထားသည့် သက်ရောက်မှုနှင့် လျော့ပါးသက်သာစေရေး အစီအမံများ နှင့် ဆက်စပ်ပတ်သက်သူများထံမှ သဘောထားမှတ်ချက် နှင့် အကြံဉာဏ်များ ရရှိစေရန် စီမံကိန်းကြောင့် ထိခိုက်ခံစားရမည့်သူများနှင့် အခြားစိတ်ပါဝင်စားသောသူများ အားလုံးပါဝင်သည့် ဆက်စပ်ပတ်သက်သူများ နှင့် တိုင်ပင်ဆွေးနွေးခြင်းများကိုလည်း စီမံကိန်းဆောင်ရွက်မည့် ဒေသကြီးများတွင် ဆောင်ရွက်သွားပါမည်။
- သစ်တောဦးစီးဌာနက အတည်ပြုထားပြီး ကမ္ဘာ့ဘဏ်က သဘောတူညီထားသော အတည်ပြုပြီး စာရွက်စာတမ်းများ နှင့် အခြားသောထပ်မံဖြည့်စွက်ပြုပြင်မှုများ - အတည်ပြုပြီး စာရွက်စာတမ်းများကို သစ်တောဦးစီးဌာန၏ ဝက်ဘ်ဆိုဒ် https://www.forestdepartment.gov.mm/ တွင် ထုတ်ပြန်အသိပေးသွားရမည်။ ကမ္ဘာ့ဘဏ်သည် ပြင်ဆင်ထားသော စာရွက်စာတမ်းများကို ကမ္ဘာ့ဘဏ်ဝက်ဘ်ဆိုဒ် www.worldbank.org တွင် ထုတ်ပြန်အသိပေးပေလိမ့်မည်။

## ၇။ နစ်နာမှုတိုင်ကြားချက်များနှင့် အကြံပြုချက်များကို ဖြေရှင်းပေးသည့်စနစ်

- မြန်မာနိုင်ငံ၏ လက်ရှိ နစ်နာမှုတိုင်ကြားချက်များနှင့် အကြံပြုချက်များကို ဖြေရှင်းပေးသည့် စနစ်သည် စီမံကိန်းကြောင့် ဖြစ်ပေါ်လာသော ပြဿနာများနှင့်စပ်လျဉ်း၍ စီမံကိန်းကို တာဝန်ရှိသူများအား ဖြေရှင်းပေးသည့် လုပ်ငန်းစဉ်/စနစ်အတွင်း ဖိတ်ကြားခံရခြင်း မရှိလျှင်သော်လည်းကောင်း သို့မဟုတ် နစ်နာမှုတိုင်ကြားချက် များသည်

စီမံကိန်းကို စီမံအုပ်ချုပ်သူများ အဆင့်ကို ကျော်လွန်သွားလျှင်သော် လည်းကောင်း ၎င်းတို့ကိုယ်တိုင် ဖြေရှင်းခြင်းအား ခွင့်ပြုပေးထားသည့် သဘောမရှိပါ။ စီမံကိန်းအနေဖြင့် နစ်နာမှုတိုင်ကြားချက်များကို အဆိုပါ တိုင်ကြားချက်များနှင့် လျော်ညီစွာ ဖြေရှင်းနိုင်သည့် နည်းလမ်းများစွာ ရှိပါသည် - ဆန္ဒသဘောထား မပါဘဲ မြေသိမ်းယူခြင်း (ESS 1 နှင့် ESS 5)၊ စီမံကိန်းလုပ်သားများနှင့်သက်ဆိုင်သည့် တိုင်ကြားချက်များ (ESS 2) နှင့် အထူးသဖြင့် ဒေသခံပြည်သူများ ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းဆိုင်ရာ မူဘောင် (CPPF)[4]အရ တိုင်းရင်းသားမျိုးနွယ်စုများ၏ လိုအပ်ချက်များနှင့်ဆိုင်သော တိုင်ကြားချက်များ

## ၈။ ဖြစ်လာနိုင်သော လူမှုဘဝဆိုင်ရာ သက်ရောက်မှုများနှင့် လျော့ပါးသက်သာရေး အစီအမံများ

စီမံကိန်းကြောင့် ရရှိလာမည့် အကျိုးအမြတ်များစွာ ရှိမည်ဟု မျှော်လင့်ထားရုံသာမက နေရာဒေသအလိုက် ရေတို ခံစားရဖွယ်ရှိသည့် သက်ရောက်မှုများကိုလည်း ထည့်သွင်းစဉ်းစား ရမည်ဖြစ်ကာ FREDIP အကောင်အထည်ဖော်မည့် စီမံကိန်းဒီဇိုင်းတွင် လျော့ပါးသက်သာစေရေး အစီအမံများကို ထည့်သွင်းရေးဆွဲရပေမည်။ အောက်ပါအတိုင်း ဖြစ်သည်-

### ၈.၁ အခြေခံ အချက်အလက်များကို စိစစ်သုံးသပ်ခြင်း

**လူဦးရေ** - FREDIP စီမံကိန်းအပိုင်းတစ်ခုစီသည် အမျိုးသားများနှင့် အမျိုးသမီးများအား သစ်တောများနှင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများကို အုပ်ချုပ်လုပ်ကိုင်ရာတွင် ရေရှည်တည်တံ့စေမည့် နည်းနာများကို ပံ့ပိုးကူညီခြင်းဖြင့် အဆိုပါလုပ်ငန်းများတွင် ဆောင်ရွက်ကြမည့် ၎င်းတို့အတွက် သိသာသော အကျိုးကျေးဇူးများ ပေးနိုင်ပေလိမ့်မည်။ လက်ရှိ သစ်တောလုပ်ငန်းများတွင် ရေရှည်တည်တံ့စေမည့် တန်ဖိုးမြင့် နည်းနာများ ပေါင်းစပ်ထည့်သွင်းပေးခြင်း၊ လုပ်ငန်းဆောင်တာ အသစ်များကို အစပျိုးပေးခြင်းအားဖြင့် ၎င်းတို့အား ဝင်ငွေ တိုးတက်စေပါလိမ့်မည်။ FREDIP စီမံကိန်းအပိုင်း ၃ ခုလုံး( အပိုင်း ၁၊ ၂၊ ၃) တွင် ပုဂ္ဂလိက လုပ်ငန်းများအပါအဝင် သစ်တောပြန်လည်စိုက်ပျိုးခြင်း၊ သစ်နှင့် အခြားသစ်တောထွက် ပစ္စည်းများ ရေရှည်တည်တံ့စွာ ထုတ်လုပ်ခြင်းတို့ကို ခွင့်ပြုထားပါသည်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် ဒေသခံရပ်ရွာလူထုများထဲမှ ပူးပေါင်းပါဝင်ဆောင်ရွက်သူ အမျိုးသားနှင့် အမျိုးသမီးများကိုပါ အကျိုးများစေပါလိမ့်မည်။ စီမံကိန်းအပိုင်း၃ပါလုပ်ငန်းများ ဆောင်ရွက်ရန် ရွေးချယ်ထားသည့်

[4] ESS 7 အရ CPPF သည် တိုင်းရင်းသားမျိုးနွယ်စုများ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းမူဘောင် (IPPF)နှင့် အတူတူပင်ဖြစ်သည်။

သဘာဝထိန်းသိမ်းရေး နယ်မြေများတွင် အမိန့်ကြော်ငြာစာထွက်ပြီး ဖြစ်သည့် သဘာဝထိန်းသိမ်းရေးနယ်မြေများသာ ပါဝင်ပါသည်။ ကြားခံနယ်မြေအတွင်းတွင် ဒေသခံပြည်သူများ ဆောင်ရွက်နေသည့် လက်ရှိ လုပ်ငန်းများကို မထိခိုက်စေဘဲ သစ်တောကာကွယ်ခြင်းနှင့် စီမံအုပ်ချုပ်ခြင်းလုပ်ငန်းများတွင် အလုပ်အကိုင် အခွင့်အလမ်းများ တိုးလာခြင်းဖြင့် အကျိုးများစွာ ခံစားရမည်ဖြစ်ပေသည်။

## တိုင်းရင်းသားမျိုးနွယ်စုများ

စီမံကိန်းတွင် တိုင်းရင်းသားမျိုးနွယ်စုများ ပါဝင်ခွင့်မရခြင်းဆိုသည့် အန္တရာယ်ကို လျော့ချရန် ကမ္ဘာ့ဘဏ်၏ ပတ်ဝန်းကျင်နှင့်လူမှုရေးရာ မူဘောင် စံသတ်မှတ်ချက်များထဲမှ ESS 7 နှင့်အညီ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဆိုင်ရာ မူဘောင် (CPPF) ကို ရေးဆွဲပြင်ဆင်မည် (ESMF နောက်ဆက်တွဲ ၁၃ ကို ညွှန်းဆိုသည်)။ ယင်းက စီမံကိန်းဧရိယာအတွင်းရှိ တိုင်းရင်းသားလူမျိုးစုများအပေါ် ကျရောက်လာနိုင်သော သက်ရောက်မှုများ နှင့် လျော့ပါးစေရေးဆိုင်ရာ အချက်အလက်များကို ဖော်ပြပေးထားပါသည်။

## ကျား/မ (လိင်)

စီမံကိန်းလုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်မှုကို အားပေးမည့် ကျား/မ(လိင်)ဆိုင်ရာ လုပ်ငန်းအစီအစဉ်ကိုလည်း ရေးဆွဲပြုစု ထားပါသည်။

## မသန်စွမ်း

မသန်စွမ်း များကိုလည်း ထိခိုက်ခံစားလွယ်သော သူများအဖြစ် သတ်မှတ်ကာ စီမံကိန်းတွင် ဝင်ငွေရရှိစေမည့် လုပ်ငန်းများဖြစ်သည့် အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများ ဖွံ့ဖြိုးရေး၊ ဂေဟအခြေခံ ခရီးသွားလုပ်ငန်း၊ ပျိုးထောင်ခြင်း၊ ပျိုးစင် လုပ်ငန်းများတွင် ပါဝင်စေနိုင်ရမည်။

## မြေအသုံးချမှု နှင့် မြေငှားခြင်း

စီမံကိန်းအပိုင်း ၁.၁ နှင့် အပိုင်း ၂ ပါ လုပ်ငန်းဆောင်တာများသည် မြန်မာနိုင်ငံဥပဒေအရ မြေငှားရမ်းချထားမှုများနှင့်ဆိုင်သော ကန့်သတ်မှုများ ရှိနေပါသည်။

အောက်ပါမြေများတွင် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မည် မဟုတ်ပါ-

- ဘိုးဘပိုင်မြေ
- ဂရန်မြေ
- လယ်ယာမြေ
- မြို့မြေ
- တပ်ပိုင်မြေ
- ရွာမြေ
- မြေလွတ်၊ မြေလပ် နှင့် မြေရိုင်း

စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မည့် မြေများတွင် အောက်ပါတို့ပါဝင်သည်-

- သစ်တောနယ်မြေ
- အမိန့်ကြော်ငြာစာ ထုတ်ပြန်ထားသော သဘာဝထိန်းသိမ်းရေးနယ်မြေ

သဘာဝထိန်းသိမ်းရေးနယ်မြေများ အုပ်ချုပ်လုပ်ကိုင်မှုကို အားကောင်းစေရေးအတွက် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းဆောင်တာများသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးဖြစ်သော သစ်တောဦးစီးဌာနက စီမံခန့်ခွဲလျက်ရှိသည့် သဘာဝထိန်းသိမ်းရေး နယ်မြေများတွင်သာ ဆောင်ရွက်မည်ဖြစ်သည်။

**ဆင်းရဲမွဲတေမှု လျှော့ချရေး**

စီမံကိန်းအနေဖြင့် ဆင်းရဲမွဲတေမှု လျှော့ချရေးကို အထောက်အကူပြုနေစဉ်မှာပင် စီမံကိန်းက အကောင်အထည်ဖော်မည့် သဘာဝထိန်းသိမ်းရေးနယ်မြေများ နှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများကြောင့် အချို့သော စီးပွားရေးလုပ်ငန်းဆောင်တာတစ်ချို့ကို ကန့်သတ်ထားသကဲ့သို့ ရှိနေနိုင်ရာ ဆင်းရဲသားများ၏ အသက်မွေးဝမ်းကျောင်းပြုမှုများအပေါ်တွင် အန္တရာယ်များ ရှိလာနိုင်ပါသည်။ ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များကို ကြည့်ကာ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများ နှင့် သစ်တောစိုက်ခင်းများ၊ သစ်တော ပြန်လည်ထူထောင်မည့် နေရာများအတွက် "နေရာပြောင်းရွှေ့ ချထားမှုဆိုင်ရာ မူဝါဒမူဘောင်" (ESMF နောက်ဆက်တွဲ ၁၁) နှင့် "လုပ်ငန်းစဉ်မူဘောင်" (ESMF နောက်ဆက်တွဲ ၁၂)ကို ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်းမှုများအပေါ် ထိခိုက်နိုင်သည့် အန္တရာယ်များ လျှော့ချနိုင်ရန် ရေးဆွဲပြင်ဆင်ထားရမည်။ အဆိုပါမူဘောင်များအား နေရာဒေသအလိုက် လူမှုဘဝဆိုင်ရာ

ဆန်းစစ်ခြင်း (SSSAs)ကို စီးပွားရေးအရ ရွှေ့ပြောင်းရမှုဆိုင်ရာ ပူးတွဲ အစီအစဉ်များနှင့်တကွ လိုအပ်သလို ဆောင်ရွက်သောအခါ အတည်ပြုသွားမည် ဖြစ်သည်။

## လုပ်သား

စီမံကိန်းဆောင်ရွက်မည့် ဒေသကြီးများရှိ လူဦးရေးအများစုသည် လူငယ်များဖြစ်ရာ ထိုအချက် ကပင် စီမံကိန်း အကောင်အထည်ဖော်ဆောင်ပါက ဒေသခံပြည်သူများ အလုပ်အကိုင်နှင့် ဝင်ငွေရရှိမှု အခွင့်အလမ်းကို ရရှိစေရေးကို အလေးထား ဆောင်ရွက်စေမည် ဖြစ်သည်။

## လုပ်ငန်းခွင် ကျန်းမာရေး နှင့် လုပ်သားများ ဘေးကင်းလုံခြုံရေး အန္တရာယ်

လုပ်သားများသည် ဆောက်လုပ်ရေး အလုပ်များတွင် ထိခိုက်ဒဏ်ရာ ရရှိနိုင်ပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ဆက်စပ်သည့် လုပ်ငန်းများတွင် သက်ရောက်မှု နှင့် အန္တရာယ်များ အနည်းနှင့်အများဆိုသလို ရှိရာ ၎င်းတို့မှာ-

- ဆောက်လုပ်ရေးလုပ်ငန်းအတွက် သယ်ပို့ ကုန်တင်ကားများကြောင့် ဖုန်မှုန့်များ ပျံ့လွင့်ခြင်းဖြစ်ပေါ်ကာ ဒေသခံပြည်သူများ၏ ကျန်းမာရေးအပေါ် ထိခိုက်မှုရှိနိုင်ပါသည်။
- ထိခိုက်ဒဏ်ရာရနိုင်မှု အန္တရာယ်(အလားအလာ)
- စီမံကိန်းအနေဖြင့် လုပ်သားများ အလှုံပယ်များပြားလာမည်ဟု မမြင်မိသော်လည်း လုပ်သားများ အလှုံပယ်များပြားလာပါက HIV/AIDA ကူးစက်ရောဂါများ နှင့် လူကုန်ကူးခံရမှုအလားအလာ
- မလုံခြုံသော နေရာအနေအထားနှင့် လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမှု၊ အမြတ်ထုတ်မှု၊ အလွဲသုံးစားပြုမှု၊ အကြမ်းဖက်မှု နှင့် အခြားမညီမျှမှုများ
- **လုပ်ခနည်းခြင်း နှင့် အလုပ်အကိုင်အခွင့်အလမ်း ရှားပါးခြင်း -ဒေသခံလုပ်သားများသည် အရည်အသွေးပြည့်ဝသော ရွှေ့ပြောင်းလုပ်သားများထက် လုပ်ခနည်းပါးကာ အလုပ် အကိုင်အခွင့်အလမ်း ရှားပါးပါသည်။** စီမံကိန်းအပိုင်းများရှိ လုပ်ငန်းဆောင်တာ များတွင် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်နိုင်မှုကို အားပေးနိုင်ရန် ဒီဇိုင်းဆင်ထားရပေမည်။
- **ကလေးလုပ်သား**- မြန်မာနိုင်ငံ ဥပဒေအရ အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံးအသက်အရွယ် မှာ ၁၄ နှစ် ဖြစ်ပြီး ထိုအချက်သည် ESS2 သတ်မှတ်ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီပါသည်။

သို့သော် အန္တရာယ်ရှိသော လုပ်ငန်းများတွင် အသက် ၁၈ နှစ် ပြည့်ပြီးသူများသာ ဝင်ရောက် လုပ်ကိုင်နိုင်ကြောင်း ESS2 က သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

- အတင်းအဓမ္မစေခိုင်းခြင်း- စီမံကိန်းတွင် အတင်းအဓမ္မစေခိုင်းခြင်းများ ဖြစ်ပေါ်လာနိုင်မည် မဟုတ်ပါ။

စီမံကိန်းအတွက် ရေးဆွဲပြုစုထားသော လုပ်သားစီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများတွင် (ESMF နောက်ဆက်တွဲ ၉ ကို ညွှန်းဆိုသည်) လုပ်သားများအား မည်သို့စီမံခန့်ခွဲမည်ဆိုသည့် နည်းလမ်းကို ဖော်ပြထားပြီး အထက်ဖော်ပြပါ ရှုထောင့်များ အားလုံးကို ခြုံငုံမိစေပါသည်။

## ဆက်သွယ်ခြင်း နှင့် တိုင်ပင်ဆွေးနွေးခြင်း

တိုင်ပင်ဆွေးနွေးခြင်း၊ သတင်းထုတ်ပြန်ခြင်း နှင့် ရပ်ရွာလူထုအခြေပြု လုပ်ငန်းများကိုလည်း ဂရုတစိုက် အလေးထားဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ရာတွင် စာတတ်မြောက်မှု နှင့်/သို့မဟုတ် ဂဏန်းသင်္ချာနားလည်မှု(တွက်ချက်တတ်မှု)နည်းပါးသော ပထုတ်ခံထားရသည့် သူများကိုလည်း ပညာတတ်များကဲ့သို့ပင် အကျိုးကျေးဇူးများ ရရှိရန် အသိပညာပေးခြင်း၊ စီမံကိန်းဖော်ဆောင်မှု လုပ်ငန်းများမှတစ်ဆင့် ဆောင်ရွက်ပေးနိုင်စေရမည်။ ရပ်ရွာလူထု အုပ်စုများ ဖွဲ့စည်းတည်ထောင်ရန် ကနဦးစတင်ဝင်ရောက်ဆောင်ရွက်ခြင်း နှင့် ဒေသခံ ပြည်သူများအား အသိပညာပေးခြင်းတို့ ဆောင်ရွက်ရာတွင် ဘာသာရေးဆိုင်ရာအုပ်စုများကို အလေးထားစဉ်းစားရန် အရေးကြီးပါသည်။ စီမံကိန်းသည် ယင်းကရည်ရွယ်ထားသော စီမံကိန်းဧရိယာရှိ လူများ၏ ဘာသာရေးကိုးကွယ်မှုကို ထည့်သွင်းစဉ်းစားရန် လိုအပ်ကာ သင့်လျော်သော အသိပညာပေး အစီအမံများ နှင့် သင်တန်း လုပ်ငန်းဆောင်တာများကို ဖော်ထုတ်ရမည်။ ထိုနည်းတူစွာ အဓိကကျသော ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ အဆောက်အဦများနှင့် စီမံကိန်း အကောင်အထည်ဖော်သည့် ကာလအတွင်း လိုက်နာရမည်များကိုလည်း သတ်မှတ်ပေးရမည်။ စီမံကိန်းအတွက် ရေးဆွဲထားသော ဆက်စပ်ပတ်သက်သူများနှင့် ဆက်သွယ်ညှိနှိုင်းခြင်း အစီအစဉ်သည် အဓိကကျသော တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ အခြေခံမှုများကို ဖော်ပြထားပါသည်။

## ရေ နှင့် သန့်ရှင်းရေး

စီမံကိန်းအကျိုးကျေးဇူးအနေဖြင့် ရေဝေရေလဲဒေသရှိ သစ်တောဖုံးလွှမ်းမှုကို တိုးပွားစေမည်ဖြစ်ပြီး (ထိုရေဝေရေလဲဒေသသည် တောင်တန်းဒေသ သို့မဟုတ် မြေနိမ့်ဒေသ မည်သည့်နေရာတွင်ပင် ရှိပါစေ) ရေတိုက်စားမှုနှုန်းကို လျော့ကျစေခြင်း၊ မြေအောက်ရေဖြည့်သွင်းမှုကိုလည်း တိုးတက်စေခြင်း၊ ရေအရည်အသွေး ကောင်းမွန်လာခြင်း၊ မြေအောက်ရေပိုမို စုဆောင်းလာနိုင်ခြင်း၊ ရေအငန်ဓာတ် လျော့ချနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိလာစေမည် ဖြစ်သည်။ ဤအချက်များသည် လူသားတို့သုံးစွဲမည့် ရေအရည်အသွေး ပိုမိုကောင်းမွန်လာစေရန် အထောက်အကူပြုမည်ဖြစ်ကာ သန့်ရှင်းစင်ကြယ်မှုကိုလည်း သွယ်ဝိုက်သောနည်းအားဖြင့် တိုးတက်စေပါမည်။

## စွမ်းအင်

စီမံကိန်း၏ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း နှင့် သစ်တောစိုက်ခင်းများ အပိုင်းများသည် ရေရှည်တည်တံ့စေမည့် သစ်တောဖွံ့ဖြိုးတိုးတက်မှုကိုဖြစ်စေကာ တစ်ချိန်တည်းမှာပင် အသက်မွေးဝမ်းကျောင်းမှုများအတွက် အသုံးပြုမှုများ များစွာရှိသည့်အနက်မှ စွမ်းအင်အတွက် ထုတ်ယူသုံးစွဲမည့် သစ်တောထွက်ပစ္စည်းများကို စီမံခန့်ခွဲနိုင်စေမည်ဖြစ်ကာ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများကိုလည်း ပံ့ပိုးပေးနိုင်မည်ဖြစ်သည်။ ထင်းနှင့် အခြားသစ်တောထွက်ပစ္စည်းများ ထုတ်ယူသုံးစွဲရန် နီးကပ်စွာတည်ရှိသော သစ်တောဧရိယာများတွင် လုပ်ငန်းစဉ်မူဘောင် (ESMF နောက်ဆက်တွဲ ၁၂ ) သို့မဟုတ် PRF (ESMF နောက်ဆက်တွဲ ၁၁) တို့ကို အသုံးပြုရမည်။

## ရာသီဥတုပြောင်းလဲခြင်း

ဤစီမံကိန်း၏ ဂေဟစနစ်ဆိုင်ရာ ရလဒ်အနေဖြင့် ရေတိုက်စားမှုနှုန်း လျော့ကျခြင်း နှင့် မြေအောက်ရေဖြည့်တင်းနိုင်ခြင်းတို့ကြောင့် အဆမတန် ရေကြီးခြင်းများကို ကာကွယ်နိုင်ခြင်း၊ မြေဆီလွှာတိုက်စားမှု လျော့ကျခင်း၊ လေပြင်းနှင့်မုန်တိုင်းဒဏ်များမှ ကာကွယ်ပေးခြင်းများ အပါအဝင် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများအရ ဆိုရလျှင် အပေါင်းလက္ခဏာ ပြပါလိမ့်မည်။

**ဘဏ္ဍာရေးလုပ်ငန်း(ရင်းမြစ်)များအား လက်လှမ်းမီသုံးစွဲနိုင်ခြင်း**

FREDIP စီမံကိန်းသည် စီမံကိန်းအပိုင်း ၂ တွင် အသေးစား အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်း များ ဖွံ့ဖြိုးတိုးတက်စေရန် အသုံးပြုသူများအဖွဲ့အား ချေးငွေထုတ်ချေးကာ လှည့်ပတ်ရန်ပုံငွေ တည်ထောင်ပေးထားမည်ဖြစ်သည်။ အဆိုပါရန်ပုံငွေအား ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောအသုံးပြုသူများအဖွဲ့ အဖွဲ့ဝင်များက သစ်တောအခြေခံသည့် တရားဝင် အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်း သို့မဟုတ် သတ်သတ်မှတ်မှတ်မရှိသော အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများအတွက် ရယူသုံးစွဲနိုင်မည်ဖြစ်သည်။

**လူမှုရေးရာ အကာအကွယ်ပေးခြင်း**

စီမံကိန်းသည် အမျိုးသားများ၊ အမျိုးသမီးများနှင့် မသန်စွမ်းများကို ပျိုးပင်ထုတ်လုပ်ခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း တည်ထောင်ခြင်း၊ အသက်မွေးဝမ်းကျောင်းမှုများအတွက် သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ ရေရှည်ထုတ်ယူနိုင်ခြင်း နှင့် သစ်တောစိုက်ခင်းများတွင် အလုပ်အကိုင်ရရှိစေရန် တစ်နည်းတစ်ဖုံ ဖန်တီးပေးခြင်း စသည့် သစ်တောလုပ်ငန်းများတွင် ဆောင်ရွက်ခွင့်ပေးခြင်းဖြင့် ထိခိုက်ခံစားလွယ်မှုကို လျော့ချရန် ရည်ရွယ်သည်။ သို့သော် ထိုအရာကို စီမံကိန်း အပိုင်း ၁ နှင့် ၂ တွင် အနည်းငယ်မျှသာ ဆောင်ကျဉ်းနိုင်ပေမည်။ သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်ခြင်းသည် ရေကြီးမှု နှင့် မိုးခေါင်မှုဖြစ်ပွားခြင်းကို လျော့ချခြင်း၊ မြေပြိုမှုကို လျော့ချခြင်း ကဲ့သို့သော သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးကာ ရေအရည်အသွေးတိုးတက်ကောင်းမွန်စေခြင်း အကျိုးကျေးဇူးများကိုလည်း ပေးစွမ်းနိုင်ပေသည်။

**၈.၂ စီမံကိန်းအပိုင်းအလိုက် လုပ်ငန်းများ - သက်ရောက်မှု နှင့် လျော့ချရေး အစီအမံများ**

**ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း ဇရိယာများ**

**(က) ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းအား ထောက်ပံ့မှုပေးခြင်းဖြင့် သစ်တောဖုံးလွှမ်းမှု တိုးလာစေမည်**

ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များအတွက် တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ရာတွင် တိုင်းရင်းသားမျိုးနွယ်စုများအပါအဝင် ဆက်စပ်ပတ်သက်သူ

များနှင့် ဆက်သွယ်ညှိနှိုင်းခြင်း အားနည်းပါက အသစ်ပြုပြင်ပြောင်းလဲထားသည့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များသည် ဒေသခံပြည်သူ/ ရပ်ရွာလူထု အတွက် အကျိုးများစေနိုင်မည် မဟုတ်ပါ။ ဆိုးကျိုးအလားအလာများပင် ရှိနိုင်ပါသည်-

- ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းသည် ဒေသအခြေအနေနှင့် ကိုက်ညီမှု မရှိခြင်း
- စနစ်ကို အယုံအကြည်မရှိဖြစ်လာကာ လူမှုရေး(ရှုထောင့်)အရ ရေရှည်တည်တံ့သော ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများ ပိုမိုတိုးချဲ့ရေးဆောင်ရွက်ရန် အခြေအနေ ပေးမည်မဟုတ်ပါ
- ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းကို အခြေခံသော စီးပွားရေးလုပ်ငန်းများက ရရှိမည့် အကျိုးကျေးဇူးများကို အားလုံးက ခံစားခွင့်မရရှိလျှင် မကောင်းသော လူမှုရေးဆိုင်ရာ သက်ရောက်မှုများ ရှိလာနိုင်ပြီး ခနအင်အားကွာဟမှု တိုးလာကာ ပထုတ်ခံထားရသည့် လူအုပ်စုများအပေါ် အန္တရာယ်(ဆိုးကျိုးအလားအလာ)များ ရှိလာပေမည်။

"ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများ အုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းရေးဆွဲရေး လုပ်ငန်းစဉ်တွင် ပတ်ဝန်းကျင်ဆိုင်ရာ နှင့် လူမှုဘဝဆိုင်ရာ အန္တရာယ်များ နှင့် သက်ရောက်မှု များအား စီမံခန့်ခွဲမှုဆိုင်ရာ လမ်းညွှန်ချက်" ကို ရေးဆွဲထုတ်ပြန်ပြီးဖြစ်ကာ ESMF နောက်ဆက်တွဲ ၃ တွင် ဖော်ပြထားပါသည်။ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများ ဆောင်ရွက်ရာ တွင် ကျင့်သုံးလိုက်နာရမည့် တည်ဆဲလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပါက ဒေသခံ ပြည်သူများကို အခြေပြုသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်နိုင်မည် ဖြစ်ပြီး ထိုသို့ ဆောင်ရွက်ခြင်းဖြင့် ဒေသခံပြည်သူများကို အကျိုးမများ စေသည့် လုပ်ငန်း ဆောင်ရွက်မှုများကို လျှော့ချနိုင်မည် ဖြစ်သည်။

**(ခ) ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း အသစ်များ တည်ထောင်ရာတွင် ပံ့ပိုးခြင်း နှင့် ထောက်ပံ့ခြင်း (အသုံးပြုသူများအဖွဲ့ ၁၀၀၀ အထိ)**

ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း အုပ်ချုပ်လုပ်ကိုင်ရာတွင် အသုံးပြုသူများအဖွဲ့ အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်အား တိုးမြင့်စေကာ ဒေသခံပြည်သူ/ရပ်ရွာလူထုကိုလည်း တောမီး

အန္တရာယ်မှ ကာကွယ်မှု ပိုမိုပေးနိုင်ပေမည်။ အန္တရာယ်များ(ဆိုးကျိုးအလားအလာများ) ရှိပါသေးသည်-

- ရပ်ရွာလူထု/ဒေသခံပြည်သူများအကြား နယ်နိမိတ်ဧရိယာ သတ်မှတ်ရာတွင် အငြင်းပွားခြင်း
- ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဧရိယာများကို စားဝတ်နေရေး/ အသက်မွေးဝမ်းကျောင်းမှုအတွက် မှီခိုနေရသည့် အမဲလိုက်သူများ၊ လယ်သမားများ နှင့် အခြားသော ဒေသခံပြည်သူများ၏ ဝင်ငွေဆုံးရှုံးခြင်း နှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ အကောင်အထည်ဖော်ရာမှ ၎င်းတို့အပေါ် ကန့်သတ်ချက်များ ဖြစ်ပေါ်လာကာ ဖယ်ကျဉ်ပထုတ်ခံရခြင်း
- သက်ဆိုင်ရာသစ်တောဦးစီးဌာနသည် ဝန်ထမ်းအင်အား လုံလုံလောက်လောက် မရှိလျှင် စီမံကိန်း၏ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်စေပါက ၎င်းတို့အပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေကာ အသုံးပြုသူများအဖွဲ့များ ဖွဲ့စည်းရာတွင် ထိရောက်မှုမရှိဘဲ ဒေသခံပြည်သူများအနေဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများအပေါ် ယုံကြည်မှု ပျောက်ဆုံးလာနိုင်ပါသည်။

**(ဂ) လက်ရှိ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများကို ပိုမိုအားကောင်းစေရန် ထောက်ပံ့ခြင်း (အသုံးပြုသူများအဖွဲ့ ၂၀၀၀ အထိ)**

သေးငယ်သော အန္တရာယ်(ဆိုးကျိုးအလားအလာ) များမှသည် အတော်အတန် ကြီးမားသော အန္တရာယ်(ဆိုးကျိုးအလားအလာ)များ ရှိပါသည်။

- နယ်နိမိတ်ဧရိယာပြန်လည်သတ်မှတ်ခြင်းသည် ကျေးရွာများနှင့် ဒေသခံပြည်သူများအကြား အငြင်းပွားမှုများစွာကို ဖြစ်စေပါလိမ့်မည်။ နယ်နိမိတ်ဧရိယာ ပြန်လည်သတ်မှတ်ခြင်း လုပ်ငန်းများကြောင့် နယ်နိမိတ်များ ပြောင်းလဲသွားမည်ဖြစ်သည့် အချို့သော ကျေးရွာများအတွက် မြေယာအသုံးပြုခွင့် နှင့် အသက်မွေးဝမ်းကျောင်းမှု အခွင့်အလမ်းများအား ကန့်သတ်သလို ဖြစ်သွားနိုင်ပါသည်။
- ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများမှ ထွက်ရှိသည့် ထွက်ကုန်များကို ဝယ်ယူရန် စိတ်ဝင်စားသည့် ဦးရေသည် အကန့်အသတ်နှင့်သာ ရှိသေးရာ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများ

အနေဖြင့် ကနဦးကာလများတွင် ဈေးကွက်သို့ လက်လှမ်းမီကာ တင်ပို့နိုင်ရန်မှာ မလွယ်ကူပါ။

- အသုံးပြုသူများအဖွဲ့များသည် အလားအလာရှိသော ကောင်းမွန်သည့် အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများကို ရှာဖွေသတ်မှတ်နိုင်ခြင်း မရှိပါက အသုံးပြုသူများအနေဖြင့် ယုံကြည်မှုပျောက်ရှနိုင်ပါသည်။ အခြားတစ်ဘက်က ကြည့်လျှင်လည်း အသုံးပြုသူများအဖွဲ့များ ရွေးချယ်ထားသော အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းများသည် အကျိုးကျေးဇူးနှင့် ဝင်ငွေများစွာရရှိမည့် အလားအလာမရှိလျှင် သို့မဟုတ် အသုံးပြုသူများအဖွဲ့များသည် ၎င်းတို့နှင့် အကျွမ်းတဝင်မရှိသော အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများကို ရွေးချယ်လျှင်ဖြစ်စေ အသုံးပြုသူများအဖွဲ့များ၏ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများ တည်မြဲရန် မဖြစ်နိုင်ပါ။ သို့ဖြစ်ရာ အသုံးပြုသူများအဖွဲ့များအနေဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများကို ရေရှည်တည်တံ့အောင် အုပ်ချုပ်လုပ်ကိုင်ရာတွင် သက်ရောက်မှု ရှိနိုင်ပါသည်။

**(ဃ) လက်ရှိ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများအား အားကောင်းစေခြင်း နှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း အသစ်များ တည်ထောင်နိုင်ရန် ပံ့ပိုးပေးခြင်း**

အောက်ဖော်ပြပါ ဖြစ်လာနိုင်သည့် သက်ရောက်မှုများကို သတ်မှတ်ဖော်ထုတ်ထားပါသည်-

- ဈေးကွက် အကန့်အသတ်သာရှိခြင်း နှင့် ယှဉ်ပြိုင်နိုင်စွမ်း အားနည်းခြင်းသည် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများအား ဈေးကွက်ထိုးဖောက်နိုင်စွမ်းနှင့် ဈေးကွက်တွင် လက်ရှိရောင်းချ တင်ပို့သူများနှင့် ယှဉ်ပြိုင်နိုင်စွမ်းကို လျော့ကျစေနိုင်ပါသည်။ အကျိုးဆက်အနေဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းကို အခြေခံသည့် စီးပွားရေးလုပ်ငန်း အဖွဲ့ဝင်များ၏ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ တည်မြဲမှုကို ထိခိုက်နိုင်ပါသည်။ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းကို အခြေခံသည့် စီးပွားရေးလုပ်ငန်း အဖွဲ့ဝင်များအနေဖြင့် ၎င်းတို့၏ တန်ဖိုးမြှင့်ထွက်ကုန်များကို ထုတ်လုပ်သည့် အဆင့် နှင့် ဈေးကွက်တင်ရောင်းချသည့် ကနဦး အဆင့်များတွင် အထောက်အပံ့မရရှိဘဲ အခြားသော ဝင်ငွေရရှိနိုင်သည့် အားထားစရာ နည်းလမ်းများလည်း မရှိလျှင် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းမှုများကို ထိခိုက်နိုင်ပါသည်။

- ပုဂ္ဂလိကကဏ္ဍဘက်မှ သစ်ပမာဏ မည်မျှဝယ်ယူမည်ဆိုသည့် အာမခံချက်မရှိလျှင်၊ ၎င်းတို့အနေဖြင့် ရေရှည် မည်မျှဝယ်ယူမည်ဆိုသည့် ကန်ထရိုက်စာချုပ် ချုပ်ဆိုထားနိုင်ခြင်း မရှိလျှင် ပုဂ္ဂလိကကဏ္ဍကို ပံ့ပိုးပေးသွင်းမည့် အဆိုပါအဖွဲ့များကို ဖွဲ့စည်းသူများ၏ ရှင်သန် ရပ်တည်ရေးသည် (မသေချာမှုများကာ) အန္တရာယ်(ဆိုးကျိုးအလားအလာ) ရှိပါသည်။
- သတင်းအချက်အလက်များ ရရှိနိုင်မှုသည် အားသာသော သူများအတွက်သာဖြစ်ကာ ထိခိုက်ခံစားလွယ်သော အုပ်စုများအတွက် အခြေအနေမပေးပါက ထိခိုက်ခံစားလွယ်သောသူများ (အမျိုးသမီးများ၊ ဆင်းရဲသားများ၊ မသန်စွမ်းများ) သည် သတင်း အချက်အလက် ရရှိခြင်းမှ တန်ဖိုးပိုမိုရရှိလာမည့် အကျိုးများကို ခံစားရရှိနိုင်မည် မဟုတ်ပါ။
- ပုဂ္ဂလိကကဏ္ဍနှင့် ချိတ်ဆက်ရန် အသုံးပြုသူများ အဖွဲ့များဆိုင်ရာ အသင်းအဖွဲ့၊ အုပ်စုများ ဖွဲ့စည်းရာတွင် ထိခိုက်ခံစားလွယ်သည့်သူများအား ဆုံးဖြတ်ချက်များ ချမှတ်ခွင့်ပေးခြင်း၊ ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့်ပေးခြင်း တို့ကို လျစ်လျူရှုထား တတ်ပါသည်။ သို့ဖြစ်ရာ ၎င်းတို့အနေဖြင့် အဆိုပါ အဖွဲ့အစည်းများ နှင့် အသုံးပြုသူများ အဖွဲ့များ၏ အဖွဲ့ဝင်ဖြစ်ခြင်းမှ အကျိုးကျေးဇူးခံစားရဖွယ် မရှိပါ။
- ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းကို အခြေခံသည့် စီးပွားရေးလုပ်ငန်း အဖွဲ့ဝင်များသည် ယေဘုယျအားဖြင့် အသုံးပြုသူများအဖွဲ့ အဖွဲ့ဝင်များသာ ဖြစ်ရာ ၎င်းတို့အများစုသည် တန်ဖိုးမြှင့်ထွက်ကုန်များ ထုတ်လုပ်ခြင်း၊ ဈေးကွက်တင် ရောင်းချခြင်းတို့တွင် အတွေ့အကြုံ မရှိကြပါ။ သို့ဖြစ်ရာ မိမိကိုယ်မိမိ ယုံကြည်မှု အားနည်းသောကြောင့် ၎င်းတို့အနေဖြင့် ပုဂ္ဂလိကကဏ္ဍဝယ်သူများနှင့် အတူတကွ လက်တွဲလုပ်ကိုင်ရန် အဆင်သင့်အနေအထား မရှိပါ။
- အမှုန်အမွှားများထွက်ရှိကာ ညစ်ညမ်း၍ အန္တရာယ်များသော လုပ်ငန်းခွင်အနေအထား၊ ထွက်ကုန်များ ထုတ်လုပ်ခြင်းလုပ်ငန်းများမှ ဆူညံသံများ ထွက်ရှိခြင်း၊ ထွက်ကုန်များ ထုတ်လုပ်သည့် လုပ်ငန်းစဉ်နှင့် ကုန်ကြမ်းများ နှင့် ထွက်ကုန်များ သိုလှောင်ထားရှိသည့် ကာလအတွင်း ဒေသခံပြည်သူ/ရပ်ရွာလူထုအပေါ် မီးဘေး အန္တရာယ် ဖြစ်စေခြင်း၊ ထွက်ကုန်များ ထုတ်လုပ်သည့် လုပ်ငန်းစဉ်မှ ထွက်ရှိလာသော စွန့်ပစ်ရေများနှင့် သန့်ရှင်းမှု အားနည်းခြင်းကြောင့် ဒေသခံပြည်သူ/ရပ်ရွာလူထုတွင် ရေကြောင့် ကူးစက်တတ်သော၊ ဗက်တာများကြောင့် ကူးစက်တတ်သော ရောဂါများ ဖြစ်ပွားစေခြင်း

တို့ကြောင့် စီမံကိန်းတွင် ပါဝင်ဆောင်ရွက်သူများသည် အန္တရာယ်ရှိသော လုပ်ငန်းခွင် အနေအထားများနှင့် ကြုံတွေ့ရနိုင်သည်။

ဆက်စပ်ပတ်သက်သူများနှင့် ဆက်သွယ်ညှိနှိုင်းခြင်း အစီအစဉ်တွင် သတင်းအချက်အလက် ရယူခြင်း၊ ထုတ်ပြန်ခြင်း နှင့် ပွင့်လင်းမြင်သာမှုရှိခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပါဝင်သည်။

- ESS 7 ပါ စံနှုန်းသတ်မှတ်ချက်များကို ပြည့်မီစေရန် တိုင်းရင်းသားလူမျိုးစုများ နှင့် သင့်လျော်သော ဆက်သွယ်ညှိနှိုင်းမှုများ ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ခြင်းအစီအစဉ် မူဘောင် (ESMF နောက်ဆက်တွဲ ၁၃) ကို အသုံးပြုရ ပေလိမ့်မည်။
- ရပ်ရွာလူထု၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှုအပေါ် သက်ရောက်လာနိုင်သည့် ကြီးမားသော အန္တရာယ်များနှင့် သက်ရောက်မှုများကို လျော့ချ သို့မဟုတ် လျော့ကျစေရန်၊ ရှောင်ရှားရန် ရပ်ရွာလူထု ကျန်းမာရေး နှင့် ဘေးကင်းလုံခြုံရေး အစီအစဉ် ကို ရေးဆွဲပြင်ဆင်ထားပါသည် (ESMF နောက်ဆက်တွဲ ၁၀)

ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ စီမံကိန်းရေးဆွဲရေး လုပ်ငန်းစဉ်တွင် လိုက်နာရမည့် ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ အန္တရာယ်နှင့် သက်ရောက်မှုများ စီမံခန့်ခွဲမှု လမ်းညွှန်ချက်အား ရေးဆွဲထားကာ (ESMF နောက်ဆက်တွဲ ၃) တွင် ဖော်ပြထားသည်။ CF ဆိုင်ရာ လက်ရှိ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အခြေခံ၍ ၄င်းလုပ်ငန်းများအား ဒေသခံပြည်သူအခြေပြုနည်းလမ်းဖြင့် ချဉ်းကပ်မည့် လမ်းညွှန်ချက်အား ဖော်ပြထားသည်။ ထိုသို့အားဖြင့် ဒေသခံပြည်သူများအား အကျိုးမများစေ သည့် CF လုပ်ငန်းများ ဆောင်ရွက်မည့်အန္တရာယ်အလားအလာကို လျော့ချပေးမည် ဖြစ်သည်။

**(c) ရေရှည်တည်တံ့မည့် ပုဂ္ဂလိကကဏ္ဍ စိုက်ခင်းများ ဖွံ့ဖြိုးတိုးတက်ရေး -** စီမံကိန်းသည် ပုဂ္ဂလိကစိုက်ခင်းများတွင် ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးတက်လာစေမည့် အခြေအနေကောင်းများကို ဖန်တီးပေးရန် မျှော်လင့်ထားပါသည် (စီမံကိန်း အပိုင်း ၁)။ **အနည်းငယ် မှ အတန်အသင့်** ကြီးမားသော အန္တရာယ်အလားအလာများသည် အောက်ပါအချက်များပေါ် မူတည်၍ ဖြစ်ပေါ် နိုင်ပါသည်-

- အလုပ်လုပ်သည့် အဖွဲ့များ၏ ဖွဲ့စည်းပုံ၊ တာဝန်များ နှင့် လုပ်ဆောင်ရမည့် လုပ်ငန်းများ

- အဆိုပြုထားသော မူဝါဒနှင့် ဥပဒေရေးရာ ပြုပြင်ပြောင်းလဲမှုများ၏ နယ်ပယ် အတိုင်းအတာ နှင့် အကြောင်းချင်းရာများ
- စိုက်ခင်းတည်ထောင်နိုင်မည့် မြေနေရာ လျာထားစိစစ်ခြင်း၏ ပမာဏနှင့် အနေအထား

**အတန်အသင့် ကြီးမားသော** အန္တရာယ်အလားအလာ

- ဆက်စပ်ပတ်သက်သူများနှင့် ဆက်သွယ်ညှိနှိုင်းခြင်းအား ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခြင်းမပြုလျှင်
- ဆက်စပ်ပတ်သက်သူများသည် မြေပုံထုတ်ခြင်း၊ နယ်နိမိတ်ရေးဆွဲသတ်မှတ်ခြင်း များကို ကောင်းစွာနားလည်သဘောပေါက်ခြင်းမရှိဘဲ ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းများအား အကူအညီမပေးလျှင်
- ရုပ်ပိုင်းအရ နှင့်/သို့မဟုတ် စီးပွားရေးအရ ဖယ်ရှားပစ်မည့် အန္တရာယ်အလားအလာ - ၂၀၂၀ခုနှစ် ၊ မတ်လတွင် သစ်တောဦးစီးဌာနသည် ကြိုးပိုင်းတော နှင့်ကြိုးပြင် ကာကွယ်တောများတွင် ပုဂ္ဂလိကသစ်တောစိုက်ခင်းများ တည်ထောင်ခွင့်အား အတည်မပြုမီ ကွင်းဆင်းစစ်ဆေး၍ တင်ပြရန် လိုအပ်သည့်အချက်များအား ဌာနဆိုင်ရာညွှန်ကြားချက် ထုတ်ပြန်ခဲ့ပါသည်။ ညွှန်ကြားချက်တွင် စိုက်ခင်း တည်ထောင်လိုသူက ပုဂ္ဂလိကစိုက်ခင်းတည်ထောင်ရန်အတွက် အဆိုပြုတင်ပြလာ သည့် မြေနေရာ၏ လက်ရှိမြေအသုံးချမှု ကို စိစစ်တင်ပြရန် ရှင်းလင်းစွာ ညွှန်ကြား ထားပါသည်။ မြေနေရာသည် ကျူးကျော်ဝင်ရောက်စိုက်ပျိုးထားသည့် လယ်ယာများ ရှိနေပြီး ဖြစ်ပါက အဆိုပါမြေနေရာအား ပုဂ္ဂလိကစိုက်ခင်းတည်ထောင်ရန်အတွက် ရှောင်ရှားရမည်။ ရှောင်ရှားနင်ခြင်းမရှိပါက လူမှုရေးရာပဋိပက္ခ သို့မဟုတ် ရုပ်ပိုင်းအရ နှင့်/သို့မဟုတ် စီးပွားရေးအရ ဖယ်ရှားမှုမဖြစ်စေရန် ယင်းကျူးကျော်ဝင်ရောက် စိုက်ပျိုးထားသည့် လယ်ယာများကို ချန်လှပ်ထားရမည် ဖြစ်သည်။ သို့ဖြစ်ရာ စီမံကိန်း သည် ရုပ်ပိုင်းအရ နှင့်/သို့မဟုတ် စီးပွားရေးအရ ဖယ်ရှားမှုအလားအလာ ဖြစ်နိုင်ဖွယ် မရှိပါ။ စီမံကိန်းနေရာများရွေးချယ်ရာတွင်လည်း ရုပ်ပိုင်းအရ နှင့်/သို့မဟုတ် စီးပွားရေး အရ ဖယ်ရှားမှုအလားအလာရှိမည့်နေရာများကို ရွေးချယ်မည် မဟုတ်ပါ။

**အနည်းငယ်သော** အန္တရာယ်အလားအလာ

- သတင်းအချက်အလက်ရရှိနိုင်မှုသည် အားသာသော သူများအတွက်သာ ဖြစ်စေ လျှင်

- တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်ခြင်း၊ အချက်အလက်ထုတ်ပြန်ခြင်း အစီအစဉ်များနှင့်စပ်လျဉ်းသည့် အခြေအနေများကို ဖော်ပြနိုင်ရန် ဆက်စပ်ပတ်သက်သူများနှင့် ဆက်သွယ်ညှိနှိုင်းခြင်း အစီအစဉ်ကို ရေးဆွဲထားရှိကာ လိုအပ်သလို ပြင်ဆင်မွမ်းမံရမည်။
- နစ်နာမှုတိုင်ကြားချက်များနှင့် အကြံပြုချက်များကို ဖြေရှင်းပေးသည့်စနစ် တည်ထောင်ထားရှိရမည်။
- ဆက်စပ်ပတ်သက်သူများအား အသိပညာပေး အစီအစဉ်များကို ပုံမှန် ဆောင်ရွက်ရမည် - (ဆက်စပ်ပတ်သက်သူများနှင့် ဆက်သွယ်ညှိနှိုင်းခြင်း အစီအစဉ်ကို ညွှန်းဆိုသည်)
- တိုင်ပင်ဆွေးနွေးမှုများ၊ သတင်းအချက်အလက် ထုတ်ပြန်ခြင်းများတွင် တိုင်းရင်းသားလူမျိုးစုများ သေချာစွာ ပါဝင်နိုင်စေရန် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ခြင်း အစီအစဉ်မူဘောင် (ESMF နောက်ဆက်တွဲ ၁၃ ကို ညွှန်းဆိုသည်) ကို အကောင်အထည်ဖော်ရမည်။

**(စ) အသုံးပြုသူများအဖွဲ့ လည့်ပတ်ရန်ပုံငွေကို ပံ့ပိုးခြင်း**

- လည့်ပတ်ရန်ပုံငွေသည် များသောအားဖြင့် လုံလုံလောက်လောက်ဖြင့် ကိုယ်ပိုင်ရပ်တည်သည် ဖြစ်သော်လည်း ပြင်ပမှ အထောက်အပံ့ကို မှီခိုရသည်များ ရှိလာခြင်း၊ ရန်ပုံငွေအား လူမှုရေးအရ မျှမျှတတ ရယူသုံးစွဲခွင့် မရှိခြင်း၊ ရန်ပုံငွေအား ရေတိုအကျိုးအမြတ်များအတွက် အသုံးပြုခြင်း၊ အသေးစားချေးငွေလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေသည့် နေရာများတွင် ရန်ပုံငွေအား အလွဲသုံးစားပြုခြင်း၊ ရန်ပုံငွေအား လူ့မလိုင်လွှာ/ လူရည်တတ်များကသာ ရယူသုံးစွဲနေကာ ခွဲဝေချထားမှု မမျှတခြင်း
- ရန်ပုံငွေအား ဆီလျော်မှန်ကန်စွာ အသုံးမပြုပါက၊ တစ်ခါတစ်ရံ အလွဲသုံးစားပြုပါက အသုံးပြုသူများအဖွဲ့ အဖွဲ့ဝင်များအကြား ပြဿနာတက်ကာ လူမှုရေးဆိုင်ရာ ဆိုးကျိုးအန္တရာယ်များ ဖြစ်လာနိုင်ခြင်း
- ရန်ပုံငွေအား ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများ၏ ဩဇာရှိသော အဖွဲ့ဝင်များက အမြတ်ထုတ်အသုံးချနေလျှင် အဖွဲ့ဝင်များအကြား အကျိုးကျေးဇူးကို မျှမျှတတ ခံစားရမည်မဟုတ်ပါ။

ယင်းတို့အား လျော့ပါးစေရန် စီမံကိန်းအတွက် လည့်ပတ်ရန်ပုံငွေ စီမံခန့်ခွဲမှုဆိုင်ရာ ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများနှင့် ရန်ပုံငွေမူဝါဒများကို ပြုစုထားပြီးဖြစ်ပါသည်။

အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အလားအလာရှိသည့် အခွင့်အလမ်းများကို သတ်မှတ်ခြင်း၊ ဆန်းစစ်ခြင်းများကို အသုံးပြုသူများအဖွဲ့များသို့ လှည့်ပတ်ရန်ပုံငွေများ ပံ့ပိုးကူညီမှုမပြုခင်ကပင် ဆောင်ရွက်ထားရမည်။ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများမှ ထွက်ရှိလာသော ထွက်ကုန်များ ဈေးကွက်တင်ပို့ရောင်းချခြင်း နှင့်စပ်လျဉ်းသော အထောက်အပံ့နှင့် သင်တန်းများ သည် ထိခိုက်ခံစားလွယ်သော သူများကိုပါ ပို့ချနိုင်အောင် စဉ်းစား စီစဉ်ထားရှိရမည်။

ရန်ပုံငွေ အလွဲသုံးစားပြုမှုအား ထိန်းချုပ်နိုင်ရန် နစ်နာမှုတိုင်ကြားချက်များနှင့် အကြံပြုချက်များကို ဖြေရှင်းပေးသည့်စနစ်ကို တည်ထောင်ထားရှိရမည်။

## (ဆ) သဘာဝထိန်းသိမ်းရေးနယ်မြေရှိ သစ်တောများ စီမံအုပ်ချုပ်လုပ်ကိုင်ခြင်း

သဘာဝထိန်းသိမ်းရေးနယ်မြေများသည် သစ်တောအသုံးပြုမှု သို့မဟုတ် ထိန်းသိမ်းကာကွယ်နိုင်မှု စွမ်းရည်(အခြေအနေ)နှင့် ဒေသခံများကိုလည်း မည်သို့ ခွင့်ပြုပေးထားသည် ပေါ်မူတည်၍ ကွဲပြားကြပါသည်။ FREDIP လုပ်ငန်းစီမံကိန်းအပိုင်း ၃ နှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း အပိုင်း ၄ တို့သည် သတ်မှတ်ထားသော သစ်တောများအား မည်သို့ထိရောက်စွာ ကာကွယ်မည်၊ တစ်ချိန်တည်းမှာပင် သဘာဝထိန်းသိမ်းရေးနယ်မြေများတွင် သစ်တောအခြေပြု အသက်မွေးဝမ်းကျောင်းမှုများ ဆောင်ရွက်မည့် ဒေသခံပြည်သူများအပေါ် ကျရောက်နိုင်သည့် အန္တရာယ်များကို ရှောင်ရှားခြင်း၊ လျှော့ချခြင်းတို့ကို အကောင်အထည်ဖော်မည့် အစိတ်အပိုင်း တစ်ရပ်အဖြစ် စဉ်းစားရန် လိုပါသည်။ လူမှုဘဝဆိုင်ရာ ဆန်းစစ်ခြင်းတွင် သတ်မှတ်ထားသည့် ကောင်းကျိုး၊ ဆိုးကျိုးများတွင် အောက်ပါတို့ ပါဝင်သည်-

- သဘာဝထိန်းသိမ်းရေးနယ်မြေအချို့တွင် သဘာဝအခြေခံခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးစေခြင်း
- သဘာဝထိန်းသိမ်းရေးနယ်မြေ ဝန်ထမ်းများအား ပံ့ပိုးမှုများပေးခြင်းဖြင့် သဘာဝထိန်းသိမ်းရေးနယ်မြေ စီမံအုပ်ချုပ်လုပ်ကိုင်မှုကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ပေမည်
- ဒေသခံပြည်သူလူထုက ပူးပေါင်းပါဝင်ကာ စောင့်ရှောက်ကာကွယ်ခြင်းဖြင့် သဘာဝထိန်းသိမ်းရေး နယ်မြေများ ထိန်းသိမ်းခြင်းကို ပိုမိုဆောင်ရွက်နိုင်ခြင်း
- သဘာဝထိန်းသိမ်းရေးနယ်မြေ စီမံအုပ်ချုပ်လုပ်ကိုင်ရာတွင် သဘာဝထိန်းသိမ်းရေးနယ်မြေဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်း - မျိုးစိတ်များကို စောင့်ကြည့်

လေ့လာခြင်း၊ ဒေသခံပြည်သူများအား ပါဝင်လာစေရန် ဆက်သွယ် စည်းရုံးခြင်း၊ သဘာဝကို အခြေခံသော စီမံအုပ်ချုပ်လုပ်ကိုင်မှုကို နားလည်သည့် စွမ်းရည်များ တိုးမြင့်စေခြင်း

- သဘာဝထိန်းသိမ်းရေးနယ်မြေကို နယ်နိမိတ်သတ်မှတ်သည့်အခါ ဒေသခံပြည်သူများအား အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း ဝင်ရောက်မှုအား ကန့်သတ်တားမြစ်မှုများ ရှိလာနိုင်ပါသည်။
- ဒေသခံပြည်သူများအား သယံဇာတများ ထုတ်ယူသုံးစွဲခွင့်ကို တားမြစ်ပိတ်ပင်ခြင်း
- ကြားခံဇုန် မြေနေရာများတွင် လက်ရှိ စိုက်ပျိုးရေး သို့မဟုတ် သီးနှံသစ်တော စိုက်ပျိုးရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်းမှုများပြုနေကြပြီး နောင်တွင်လည်း ဆက်လက်ဆောင်ရွက် လုပ်ကိုင်ရန် လိုအပ်နေခြင်း
- ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာသည်နှင့်အမျှ အမှိုက်များ ပိုမိုစွန့်ပစ်လာမည့် ဆိုးကျိုးအလားအလာများ ရှိခြင်း
- နိုင်ငံခြားသားနှင့် ပြည်တွင်း ခရီးသွားများ ဝင်ရောက်လာခြင်းကြောင့် ဒေသခံပြည်သူများ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ခြိမ်းခြောက်မှုများ ရှိလာရာ ယင်းကို ဒေသခံပြည်သူများအား လက်မှုပညာ၊ ရိုးရာအစဉ်အလာ လုပ်ငန်းများ၊ ဧည့်လမ်းညွှန် နှင့် ဧည့်ခံကျွေးမွေးမှု စီမံခန့်ခွဲရေးဆိုင်ရာ စွမ်းဆောင်ရည်များ မြှင့်တင်ပေးခြင်းဖြင့် လျော့ချနိုင်ပေမည်။
- သဘာဝထိန်းသိမ်းရေးနယ်မြေ ဝန်ထမ်းများ၏ သဘာဝအခြေခံ ခရီးသွားလုပ်ငန်း နှင့် သက်ဆိုင်သော စွမ်းဆောင်ရည်အား မြှင့်တင်ခြင်း၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်း စီမံခန့်ခွဲမှု အတွေ့အကြုံများ ရရှိစေခြင်း
- ဒေသခံပြည်သူများအား အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိစေခြင်း
- စီမံကိန်းက ထောက်ပံ့ထားသော မြန်မာနိုင်ငံရှိ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းနေရာများသို့ ပြည်တွင်းနှင့် နိုင်ငံတကာမှ ခရီးသွားများ ပိုမိုလာရောက်လည်ပတ်စေခြင်းဖြင့် အဆိုပါဒေသများရှိ ဒေသခံပြည်သူများ နှင့် ဒေသခံပြည်သူလူထုများ ဆောင်ရွက်သည့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများအား ဝင်ငွေတိုးမြင့်ရရှိစေမည်။ အခြားဆက်စပ်လုပ်ငန်းများဖြစ်သည့် တည်းခိုခန်း၊ စားသောက်ဆိုင် နှင့် အခြားဈေးဆိုင်များသည်လည်း ဝင်ငွေရရှိစေမည်

- သဘာဝအခြေခံ ခရီးသွားလုပ်ငန်းမှ ရရှိသည့် အခွန်ငွေများကို အစိုးရဘဏ္ဍာငွေသို့ အပ်နှံကာ တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် အသုံးပြုနိုင်မည့် နိုင်ငံတော်ဘဏ္ဍာငွေကို တိုးမြင့်ရရှိစေမည် ဖြစ်သည်

**ဖြစ်လာနိုင်သည့် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရန်**

- လုပ်ငန်းစဉ်မူဘောင်ကို ပြုစုထားပြီးဖြစ်သည် (ESMF နောက်ဆက်တွဲ ၁၂)။ သယံဇာတရယူသုံးစွဲမှုအား ကန့်သတ်ထားသည့် သဘာဝထိန်းသိမ်းရေးနယ်မြေ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဖြစ်လျှင် သဘာဝထိန်းသိမ်းရေးနယ်မြေအား ရေရှည်တည်တံ့စေရန် အသုံးပြုနေစဉ်မှာပင် သဘာဝထိန်းသိမ်းရေးနယ်မြေ စီမံအုပ်ချုပ် လုပ်ကိုင်မှုတွင် ဒေသခံပြည်သူများကို ပါဝင်ဆောင်ရွက်ခွင့်ပေးရန် အကြံပြုပါသည်
- စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ၊ အိုးအိမ်စည်းစိမ်များ၊ သို့မဟုတ် ရပ်ရွာလူထု ပိုင်ဆိုင်သော အရာများကို အကာအကွယ်ပေးနိုင်ရန် စီမံကိန်းသည် လုံခြုံရေးဝန်ထမ်းများ ခန့်အပ်အသုံးပြုရန်လိုအပ်သည့်အချိန်တွင် ထိုသို့ ဆောင်ရွက်စေရန်အတွက် ဘေးကင်းလုံခြုံရေးစီမံခန့်ခွဲမှု အစီအစဉ် (ESMF နောက်ဆက်တွဲ ၉) ပြုစုပြီးဖြစ်သည်။ စီမံကိန်းဝန်ထမ်းများအနေဖြင့် မလိုအပ်ဘဲ အင်အားအသုံးပြုခြင်း၊ ရန်စခြင်း သို့မဟုတ် စော်ကားခြင်းများ မပြုလုပ်စေရန် နှင့် လျှော့ချနိုင်ရန် စီမံကိန်းသည် မူဝါဒများ၊ လိုက်နာရမည့် စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများကို ပြဌာန်းထားပါသည်။
- လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေးနှင့် ထိခိုက်မှုလျှော့ချရေး အစီအမံများလည်း ပါဝင်သော လုပ်သားစီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများကို ပြုစုထားပါသည် (ESMF အပိုင်း ၈.၇ ပါ လုပ်သား နှင့် ESMF နောက်ဆက်တွဲ ၈)
- အမှိုက်များ ခွဲခြားစွန့်ပစ်ခြင်းနှင့် ပြန်လည်အသုံးပြုခြင်း (လျှော့ချ ခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်း) များကို ဆောင်ရွက်စေသော စီမံကိန်းအတွက် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု အစီအစဉ်ကို ပြုစုထားသည် (ESMF နောက်ဆက်တွဲ ၇)
- ပတ်ဝန်းကျင်ဆိုင်ရာ ကျင့်သုံးလိုက်နာရမည့် ကျင့်ထုံး (ESMF နောက်ဆက်တွဲ ၂) သည် စီမံကိန်းအကောင်အထည်ဖော်နေသည့်ကာလအတွင်း ပတ်ဝန်းကျင်ထိခိုက်မှုများကို ရှောင်ရှား၊ နည်းပါး၊ လျှော့ချနိုင်ရန် လက်တွေ့လုပ်ဆောင်ရမည့် လုပ်ငန်းများ၊

အသုံးပြုရမည့် အဆင့်များနှင့်စပ်လျဉ်း၍ သိရှိနားလည်စေရန် အခြေခံ နည်းပညာဆိုင်ရာ လမ်းညွှန်ချက်များကို ဖော်ပြထားပါသည်။

**တရားမဝင် သစ်တောလုပ်ငန်းများကို ရှာဖွေဖော်ထုတ်ခြင်း နှင့် ကာကွယ်ခြင်း**

တန်ဖိုးမြင့် သဘာဝတောဧရိယာများမှ တရားဝင်ခွင့်ပြုမထားသည့် သစ်ထုတ်ခြင်းများကို လျော့ကျစေရန် စွမ်းဆောင်ရည် အားကောင်းခိုင်မာစေခြင်း နှင့် တရားဝင်သစ် ထောက်ပံ့ပေးနိုင်မှုကို သေချာစေသည့် လုပ်ငန်းစဉ်များကို အားကောင်းစေခြင်း တို့ကဲ့သို့သော လုပ်ငန်းများ စီမံကိန်း အပိုင်း ၃.၂ မှတစ်ဆင့် ဆောင်ရွက်ခြင်းဖြင့် စီမံကိန်းသည် တရားမဝင် သစ်တောလုပ်ငန်းများကို ရှာဖွေဖော်ထုတ်ခြင်း နှင့် ကာကွယ်ခြင်း ပံ့ပိုးဆောင်ရွက်စေနိုင်မည် ဖြစ်သည်။ ခွင့်ပြုမထားသော သို့မဟုတ် တရားမဝင်သော သစ်တောလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ကြသူများသည် အခြားဥပဒေများ နှင့် လုပ်သားရေးရာသတ်မှတ်ချက်များ၊ (လေးလံပင်ပန်းသည့်၊ အန္တရာယ်များသော သစ်ထုတ်လုပ်ငန်းများတွင် အသက် ၁၈ နှစ်အောက် ကလေးလုပ်သား များကို အသုံးပြုခြင်း)၊ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှု (ဥပမာ- တစ်ကိုယ်ရေသုံး ကာကွယ်ရေး ပစ္စည်းများစသည် အပါအဝင် လုပ်သားများ ဘေးကင်းလုံခြုံစေမည့် နည်းနာများကို အကောင်အထည်ဖော်ခြင်း) ကဲ့သို့သော ဘေးကင်းလုံခြုံရေးဆိုင်ရာ ကျင့်သုံးလိုက်နာမှု များကို ချိုးဖောက်သည့် လုပ်ငန်းဆောင်တာများကိုလည်း လုပ်ကိုင်နိုင်သည့် အလားအလာ များပါသည်။

ဤလူမှုဘဝဆိုင်ရာ ဆန်းစစ်ခြင်းမှ ဖော်ထုတ်သတ်မှတ်ခဲ့သည့် လူမှုဘဝဆိုင်ရာ ကောင်းကျိုး အချို့တွင် အောက်ပါတို့ ပါဝင်သည်-

- တရားမဝင် သို့မဟုတ် ခွင့်ပြုချက်မရှိဘဲ သစ်တောထွက်ပစ္စည်းများ ထုတ်ယူခြင်းကို လျော့ကျစေရန် ဆောင်ရွက်ရာတွင် သတ်မှတ်ဖော်ထုတ်ခြင်း နှင့် ဥပဒေစိုးမိုးမှု ရှိခြင်း တို့ကို ပိုမိုတိုးတက်လာစေမည့် စီမံကိန်းအပိုင်းများမှတစ်ဆင့် လက်တွေ့ကွင်းဆင်း လုပ်ကိုင်မည့် သစ်တောအရာရှိများ၏ စွမ်းဆောင်ရည်ကို တည်ဆောက်ပေးလိမ့်မည်။
- တရားမဝင် သစ်တောထွက်ပစ္စည်းများ ထုတ်ယူခြင်းကို သိရှိဖော်ထုတ်ခြင်း နှင့် ကာကွယ်ခြင်းများ တိုးမြှင့်လုပ်ဆောင်ခြင်းဖြင့် ကလေးလုပ်သား သို့မဟုတ် အတင်းအကြပ် ခိုင်းစေခြင်း အန္တရာယ်များကို လျော့ချပေးရာ ရောက်သည်။

အန္တရာယ်များလည်း ရှိပါသည်။ ၎င်းတို့မှာ-

- တရားမဝင် သစ်ထုတ်ခြင်းများ၊ တိရိစ္ဆာန်များကို ပစ်ခတ်ခြင်း စသည်တို့ကို ထိထိရောက်ရောက် ကာကွယ်စေနိုင်မည့် မူဝါဒနှင့် ဥပဒေ ပြုပြင်ပြောင်းလဲမှုများ၏ အကျိုးဆက်အနေဖြင့် သစ်တောထွက် ပစ္စည်းများ နှင့် အပင်များ ထုတ်ယူခြင်း၊ တိရိစ္ဆာန်များကို ပစ်ခတ်ခြင်းများ ဆောင်ရွက်နေကြသည့် သူများနှင့်လည်း အန္တရာယ်များ သော ပဋိပက္ခ အနေအထားကို ရင်ဆိုင်တွေ့ကြုံ စေနိုင်ပါသည်။
- သက်ဆိုင်ရာ သစ်တောဝန်ထမ်းများ၏ စွမ်းဆောင်ရည်တည်ဆောက်ခြင်း ပမာဏ နှင့် မူဝါဒနှင့်ဥပဒေများ လက်တွေ့မြေပြင်တွင် စိုးမိုးသက်ရောက်မှု မလုံလောက်ခြင်း
- သစ်တောအရာရှိများ လုံလောက်စွာ မရှိမှု၊ လက်တွေ့မြေပြင်တွင် သစ်တောအရာရှိ များအား ထိရောက်စွာ ဥပဒေအာဏာအပ်နှင်းထားမှု မရှိခြင်း တို့ကြောင့် အချိန်ကြာ လာသည်နှင့်အမျှ ဥပဒေများ၊မူဝါဒများ၏ ထိရောက်သော စိုးမိုးသက်ရောက်မှု လျော့ပါးလာမှု
- ဈေးကွက်တွင် တန်ဖိုးမြင့် သဘာဝသစ်တောထွက်ပစ္စည်းများကို ဝယ်လိုအား အဆက် မပြတ် များလာမှုသည် တရားမဝင် သစ်ထုတ်ခြင်းလုပ်ငန်းများကို ပို၍ ဆက်လက် ဖြစ်ပေါ်စေရန် အားပေးသည်။
- အပြန်အလှန်အားဖြင့် ဘေးရန်ကင်းရှင်းရေး အန္တရာယ်ဆိုးကျိုး နည်းသော်လည်း သစ်တောဝန်ထမ်းများနှင့် ၎င်းတို့ကို စောင့်ကြပ်လိုက်ပါသည့် လုံခြုံရေးဝန်ထမ်းများ သည် မလိုအပ်သော အင်အားသုံးဖြေရှင်းမှုမျိုးကို ပြုလုပ်နိုင်ခြင်း
- တရားမဝင် သစ်တောလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ကြသူများသည် ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးကို လျော့ကျစေဖွယ်ရာရှိသည့် လုပ်နည်းလုပ်ဟန်များ ဆောင်ရွက် လေ့ရှိရာ တရားမဝင် သစ်တောလုပ်ငန်းများကို ကာကွယ်မည့် မြေပြင်ကွင်းဆင်း ဆောင်ရွက်ကြသည့် သစ်တောဝန်ထမ်းများအတွက် အန္တရာယ်များသည့်၊ မလုံခြုံသော ပတ်ဝန်းကျင်အနေအထားကို ဖြစ်စေပါသည်။

လျော့ကျစေရေး အစီအမံများ/နည်းလမ်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

- ပတ်ဝန်းကျင်ဆိုင်ရာ ကျင့်သုံးလိုက်နာရမည့် ကျင့်ထုံး (ESMF နောက်ဆက်တွဲ ၂) သည် စီမံကိန်းအကောင်အထည်ဖော်နေသည့်ကာလအတွင်း ပတ်ဝန်ကျင်ထိခိုက်မှု များကို ရှောင်ရှား၊ နည်းပါး၊ လျော့ချနိုင်ရန် လက်တွေ့လုပ်ဆောင်ရမည့် လုပ်ငန်းများ၊

အသုံးပြုရမည့် အဆင့်များနှင့်စပ်လျဉ်း၍ သိရှိနားလည်စေရန် အခြေခံ နည်းပညာဆိုင်ရာ လမ်းညွှန်ချက်များကို ဖော်ပြထားပါသည်။

- စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် သစ်တောဝန်ထမ်းများကို အကာအကွယ်ပေးနိုင်ရန် စီမံကိန်းသည် လုံခြုံရေးဝန်ထမ်းများ ခန့်အပ်အသုံးပြုရန်လိုအပ်ပါက ထိုသို့ဆောင်ရွက်စေရန်အတွက် ဘေးကင်းလုံခြုံရေးစီမံခန့်ခွဲမှု အစီအစဉ် (ESMF နောက်ဆက်တွဲ ၉) ပြုစုပြီးဖြစ်သည်။ လုံခြုံရေးဝန်ထမ်းများအနေဖြင့် မလိုအပ်ဘဲ အင်အားအသုံးပြုခြင်း၊ ရန်စခြင်း သို့မဟုတ် စော်ကားခြင်းများ မပြုလုပ်စေရန် နှင့် လျော့ချနိုင်ရန် စီမံကိန်းသည် မူဝါဒများ၊ လိုက်နာရမည့် စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းထားကာ တစ်ချိန်တည်းမှာပင် ဥပဒေစိုးမိုးမှုကို အကောင်အထည်ဖော်သည့် သစ်တောဝန်ထမ်းများကိုလည်း ကာကွယ်ပေးရပါသည်။
- လုပ်သားစီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများ (ESMF နောက်ဆက်တွဲ ၈)သည် နိုင်ငံ၏ ဥပဒေ နှင့် ကမ္ဘာ့ဘဏ်၏ ပတ်ဝန်းကျင်နှင့်လူမှုရေးရာ မူဘောင်ပါ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ စီမံကိန်းလုပ်သားများအား စီမံခန့်ခွဲရမည့် နည်းလမ်းကို ဖော်ပြထားသည်။ အထူးသဖြင့် ပတ်ဝန်းကျင်နှင့်လူမှုရေးရာ စံသတ်မှတ်ချက်များ ၂ (ESS2) ၏ ရည်ရွယ်ချက်များဖြစ်သော လုပ်သား နှင့် လုပ်ငန်းခွင် အခြေအနေများနှင့်ပတ်သက်၍ ဖြစ်သည်။ ယင်းက စီမံကိန်းနှင့်ပတ်သက်သော လုပ်သားများ (အချိန်ပြည့် သို့မဟုတ် ယာယီ) အား လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေးနှင့် ထိခိုက်မှုလျော့ချရေး အစီအမံများကို လိုက်နာဆောင်ရွက်စေသည်။ ယင်းသည် တရားမဝင်သစ်ထုတ်ခြင်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ကြသူများက ကျင့်သုံးသည့် ကျန်းမာရေး နှင့် ဘေးကင်းလုံခြုံရေးကို လျော့ကျစေသည့် အစီအမံများနှင့် ရင်ဆိုင်ရဖွယ်ရှိသည့် အထူးသဖြင့် မြေပြင်ကွင်းဆင်းဆောင်ရွက်ကြသော လုံခြုံရေးဝန်ထမ်းများနှင့် သစ်တောဝန်ထမ်းများအတွက် အရေးကြီးပါသည်။
- လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေးနှင့် ထိခိုက်မှုလျော့ချရေး အစီအမံများလည်း ပါဝင်သော လုပ်သားစီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများကို ပြုစုထားပါသည် (ESMF အပိုင်း ၈.၇ ပါ လုပ်သား နှင့် ESMF နောက်ဆက်တွဲ ၈)

## ၉။ ကိစ္စရပ်(ပြဿနာ)များ၊ အစီအစဉ်များ နှင့် ESF-ESS ဆိုင်ရာ လိုက်နာဆောင်ရွက်ရမည်များ

### ဇယား ES2 - ကိစ္စရပ်(ပြဿနာ)များ၊ အစီအစဉ်များ နှင့် ESF-ESS ဆိုင်ရာ လိုက်နာဆောင်ရွက်ရမည်များ

| စဉ် | အကြောင်းချင်းရာများ(ကိစ္စရပ်များ) | လျော့ချ(လျော့ပါးစေ)ရေး အစီအစဉ်/ မူဘောင် | ESF- ESS လိုက်နာ ဆောင်ရွက်ရမည်များ |
|---|---|---|---|
| ၁ | ကိုဗစ်-၁၉ ဆိုင်ရာ ကန့်သတ်တားမြစ်ချက်များကြောင့် အချို့သော သဘာဝထိန်းသိမ်းရေး နယ်မြေများမှ လွဲ၍ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မည့် နေရာများသည် နေရာဒေသအလိုက် ကိစ္စရပ်များ၊ အကြောင်းချင်းရာများကို ဖော်ထုတ်ရဦးမည် ဖြစ်ပါသည်။ အဆိုပါ အကြောင်းချင်းရာများတွင် ဆက်စပ်ပတ်သက်သူများနှင့် ဆက်သွယ်ညှိနှိုင်းခြင်း (ဆက်စပ်ပတ်သက်သူများ ပါဝင်ဆောင်ရွက်လာခြင်း)၊ စီမံကိန်း အပိုင်းအလိုက်၊ အပိုင်းငယ်အလိုက် ပါရှိသည့် နေရာဒေသအလိုက် လုပ်ငန်းများနှင့် လုပ်ငန်းတာဝန် ဒီဇိုင်း၊ တိုင်းရင်းသားမျိုးနွယ်စုများ ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်း ဆိုင်ရာ ကိစ္စများ၊ နေရာပြောင်းရွှေ့ရမှုကြောင့် အခြားသော လူမှုရေးဆိုင်ရာ ထိခိုက်မှုများအား လျော့ကျစေခြင်း တို့လည်း ပါဝင်ပေမည် (အထက်ဖော်ပြပါ အပိုင်း ၅ နှင့် ၈ တွင်လည်း ကြည့်ပါ) | ***ESMF နောက်ဆက်တွဲ ၁၅*** – စီမံကိန်းအပိုင်းအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများကို အကျိုးများစေရန် နေရာဒေသ နှင့် ကိုက်ညီအောင် ဆောင်ရွက်ရမည်။ ဆိုးကျိုးသက်ရောက်မှုများကိုလည်း ဖော်ထုတ်ကာ လျော့ပါးသက်သာစေမည့် အစီအမံများကို အကောင်အထည်ဖော်ရာတွင် ထည့်သွင်းထားရမည်။ ကမ္ဘာ့ဘဏ်၏ ESF နှင့် အညီ နေရာဒေသအလိုက် လူမှုဘဝ ဆိုင်ရာ ဆန်းစစ်ခြင်းကို ဆောင်ရွက် အကောင်အထည်ဖော်ရမည်။ ၎င်းကို အသုံးပြုကာ စီမံကိန်းဆိုင်ရာ လူမှုဘဝ ဆန်းစစ်ချက်နှင့် နေရာဒေသ အလိုက် လူမှုဘဝဆိုင်ရာ ဆန်းစစ်ခြင်းဆိုင်ရာ ***သတ်မှတ်တာဝန်နှင့် လုပ်ပိုင်ခွင့်များ*** (နောက်ဆက်တွဲ ၁၅ )ကို ပြုစုရမည်။ | ESS - ၁၊ ၂၊ ၅၊ ၇၊ ၈ နှင့် ၁၀။ |
| ၂ | စီမံကိန်း အပိုင်းအားလုံးသည် စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော လုပ်ငန်းများ ရေးဆွဲစီစဉ်ခြင်း၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ ဖွံ့ဖြိုးစေခြင်း စသည့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆက်စပ်ပတ်သက်သည့် ဒေသခံပြည်သူများနှင့် ဆက်သွယ်ညှိနှိုင်းရန် လိုသည်။ စီမံကိန်းအား စိတ်ပါဝင်စားသည့် အသုံးဝင်မည့် အမျိုးမျိုးသော အမြင်၊ ဖြစ်လာနိုင်သော သက်ရောက်မှု | **စီမံကိန်းဆက်စပ်ပတ်သက်သူများနှင့် ဆက်သွယ်ညှိနှိုင်းခြင်း အစီအစဉ်**ကို ပြုစုထားပြီးဖြစ်သည်။ ယင်းတွင် ဆက်စပ်ပတ်သက်သူများနှင့် စေ့စပ်ညှိနှိုင်းမှု ဆောင်ရွက်မှု အကျဉ်းချုပ်၊ နစ်နာမှု တိုင်ကြားချက်များနှင့် အကြံပြုချက်များကို ဖြေရှင်းပေးသည့် စနစ်ပါ သတ်မှတ်ပြဋ္ဌာန်းချက် များ နှင့် စီမံကိန်း အကောင်အထည် ဖော်သည့် ကာလတွင် ဆက်စပ် ပတ်သက်သူများ အနေဖြင့် | ESS - ၁၊ ၂၊ ၅၊ ၇၊ ၈ နှင့် ၁၀။ |

| စဉ် | အကြောင်းချင်းရာများ(ကိစ္စရပ်များ) | လျော့ချ(လျော့ပါးစေ)ရေး အစီအစဉ်/ မူဘောင် | ESF- ESS လိုက်နာ ဆောင်ရွက်ရမည်များ |
|---|---|---|---|
| | များ နှင့် လျော့ချနိုင်မည့် အကြံပြုချက်များကို ပေးနိုင်စွမ်းရှိသည့် သက်ဆိုင်ရာ အစိုးရ ဌာနများ၊ အရပ်ဘက် လူ့အဖွဲ့ အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ စသဖြင့် ဆက်စပ်ပတ်သက်သူ များစွာ ရှိပါသည်။ | မည်သို့ ပါဝင် ဆောင်ရွက်လာမည် ဆိုသည့် အစီအစဉ်များ ပါဝင်သည်။ | |
| 3 | အသက်မပြည့်သေးသော လုပ်သားများ၊ အတင်းအဓမ္မစေခိုင်းခံရသည့် လုပ်သားများ ရှိနေသည်ကို လူမှုဘဝဆိုင်ရာ ဆန်းစစ်ချက်က တွေ့ရှိထားသည်။<br><br>သစ်တောလုပ်ငန်းနှင့် ဆက်စပ် အလုပ်များတွင် အမာခံလုပ်သားများ ထိန်းထားရန် လိုအပ်သည်ဖြစ်ရာ အဆိုပါလုပ်သားများ ဘေးကင်းရေး နှင့် လုပ်ငန်းခွင် ဘေးကင်းလုံခြုံမှု ရှိစေရေး ဆောင်ရွက်ထားရမည်။ လုပ်သားများ များပြားလာပါက ဘေးကင်းစွာ နေထိုင်နိုင်သော အခြေအနေ ရှိရမည်။<br><br>ကျား/မ (လိင်)ပိုင်းဆိုင်ရာ မညီမျှမှုများ ရှိလာနိုင်သည်ဟု လူမှုဘဝဆိုင်ရာ ဆန်းစစ်ချက်က ဖော်ထုတ်ထားရာ ကျား/မ အခြေပြုသည့် လိင်ပိုင်းဆိုင်ရာ စော်ကားမှု (မတော်မတရားပြုမှု)၊ အမြတ်ထုတ်မှု၊ အလွဲသုံးစားပြုမှု၊ အကြမ်းဖက်မှုများ လုပ်ငန်းခွင်တွင် အလျှံပယ် မြင်တွေ့လာနိုင်ပါသည်။ | ***ESMF နောက်ဆက်တွဲ ၈ –***<br>ESS 2 နှင့်အညီ ဘေးကင်းလုံခြုံကာ ကျန်းမာရေးနှင့်ညီညွတ်သော လုပ်ငန်းခွင်ဖြစ်စေရန် **လုပ်သားစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို** ပြုစုပြီးဖြစ်သည်။<br><br>***လုပ်ငန်းခွင်တွင် ကျား/မ(လိင်)၊ ဘာသာရေး၊ လူမျိုးရေး၊ တိုင်းရင်းသား မျိုးနွယ် နောက်ခံကို အကြောင်းပြုကာ အစွဲများ မရှိစေရန် "ခွဲခြားဆက်ဆံခြင်း မရှိရေး မူဝါဒ" သည် အစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ပါဝင်ရမည်*** | ESS - ၂ ။ |
| ၄ | ရပ်ဝတ္ထုပိုင်းဆိုင်ရာ နေရာပြောင်းရွှေ့ရခြင်း သို့မဟုတ် မြေ သို့မဟုတ် အဆောက်အဦများ သိမ်းယူခြင်းများကို ဆောင်ရွက်မည် မဟုတ်ပါ။ သို့သော် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း နှင့် သစ်တောစိုက်ခင်းနေရာများတွင် စီးပွားရေးအရ ဖယ်ရှားခံရမှု | ***ESMF နောက်ဆက်တွဲ ၁၁ –***<br>သဘာဝထိန်းသိမ်းရေးနယ်မြေများမှလွဲ၍ သစ်တောရေိယာများတွင် စီးပွားရေး ဆုံးရှုံးရမှုကို ကာမိစေရန် ပြောင်းရွှေ့နေရာ ချထားရေး မူဝါဒမူဘောင်ကို ပြုစုထားပြီးဖြစ်သည်။ | ESS - ၅ ။ |

| စဉ် | အကြောင်းချင်းရာများ(ကိစ္စရပ်များ) | လျော့ချ(လျော့ပါးစေ)ရေး အစီအစဉ်/ မူဘောင် | ESF- ESS လိုက်နာ ဆောင်ရွက်ရမည်များ |
|---|---|---|---|
| | အချို့ ရှိနိုင်ပါသည်။ ဆိုလိုသည်မှာ အသက်မွေးဝမ်းကျောင်းမှုများအပေါ် သက်ရောက်မှုများကြောင့် ဝင်ငွေဆုံးရှုံးမှုများ ရှိနိုင်ပါသည်။ အဆိုပါအကြောင်းချင်းရာများကို စီမံကိန်းက မှတ်သားထားရှိကာ စီမံကိန်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင်စေခြင်းဖြင့် စီးပွားရေးအရ ထိခိုက်ခံစားရနိုင်သည့် အိမ်ထောင်စုများကို ရေရှည်တွင် အကျိုးကျေးဇူးများအောင် ဆောင်ရွက်သွားရပါမည်။ | နေရာဒေသအလိုက် လူမှုဘဝဆိုင်ရာ ဆန်းစစ်ခြင်းဆောင်ရွက်စဉ် အတောအတွင်း နေရာပြောင်းရွှေ့ ချထားခြင်းနှင့်ဆိုင်သည့် ထိခိုက် သက်ရောက်မှုများကို တွေ့ရှိရပါက နေရာပြောင်းရွှေ့ ချထားရေး လုပ်ငန်းအစီအစဉ်ကို အကောင်အထည် ဖော်ရမည်ဖြစ်ကာ မြန်မာနိုင်ငံ၏ ဥပဒေမူဘောင် နှင့် ကမ္ဘာ့ဘဏ်၏ ပတ်ဝန်းကျင်နှင့် လူမှုရေးရာ မူဘောင်တို့နှင့်အညီ ရေးဆွဲထားရမည်(ESMF ***နောက်ဆက်တွဲ ၁၁***)။ | |
| ၅ | သဘာဝထိန်းသိမ်းရေးနယ်မြေ ကြားခံနယ် မြေများထဲတွင် စီမံအုပ်ချုပ်မှု အားကောင်းလာစေခြင်းသည် သဘာဝထိန်းသိမ်းရေးနယ်မြေ နယ်နိမိတ်များအား ပိုမိုတင်းကျပ်သော လုံခြုံရေးကို ဦးတည်စေကာ သစ်တောထွက် သယံဇာတများ အသုံးပြုမှုကို ကန့်သတ်တားမြစ်မှုကို ဖြစ်စေသည်။<br><br>ဤအရာကပင် သစ်တောနယ်မြေ အတွင်း(ကြားခံနယ်မြေထဲရှိ) နှင့် အနီးအနားဝန်းကျင်တွင် နေထိုင်ကြသော ဒေသခံပြည်သူ များအား သယံဇာတများ ရယူသုံးစွဲမှုကို ကန့်သတ်တားမြစ်သလို ဖြစ်စေသည်။ | ***ESMF နောက်ဆက်တွဲ ၁၂–***<br><br>SSSA နှင့် SSESIA တို့က အမိန့်ကြော်ငြာစာ ထုတ်ပြန်ထားသော သဘာဝထိန်းသိမ်းရေးနယ်မြေထဲရှိ သဘာဝသယံဇာတများ ရယူသုံးစွဲခွင့်ကို ဟန့်တားနှောင့်နှေးမှုများအား သတ်မှတ်ဖော်ထုတ်ထားပါက **လုပ်ငန်းစဉ်မူဘောင်** ကို အသုံးပြုရမည် (ESMF ***နောက်ဆက်တွဲ ၁၂***)။ | ESS - ၅ ။ |